# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



## အထည်ချုပ်ကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အခြေခံမော်တာစက်ချုပ်သင်တန်းကို MGMA က အခမဲ့ဖွင့်လှစ်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

အထည်ချုပ်စက်ရုံများနှင့် အလုပ်အကိုင်ရှာဖွေနေသူများအကြား ချိတ်ဆက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အခြေခံမော်တာစက်ချုပ်သင်တန်းကို သင်တန်းကြေးအခမဲ့ဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)က ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းအသင်းမှ သိရသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)က ကြီးမှူးပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ(MGHRDC)တွင် သင်တန်းကြေး အခမဲ့ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းဖွင့်လှစ်ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှ အလုပ်အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူများအကြား ချိတ်ဆက်ပေးနိုင်မည်ဖြစ်ကာ သင်တန်းပြီးဆုံးပါက အထည်ချုပ်စက်ရုံများဖြင့် ချိတ်ဆက်ကာ အလုပ်ရရှိရန် ကူညီပေးသွားမည်ဖြစ်ကြောင်း ယင်းအသင်းမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❏

## မန္တလေးတွင် ရေလုပ်သားနှစ်ဦးက ငါးဖမ်းထွက်စဉ် ဧရာဝတီလင်းပိုင် သားပေါက် သုံးကောင်ကို မျိုးဆက်သစ်အဖြစ် ထပ်မံတွေ့ရှိခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၈

မန္တလေးတွင် ရေလုပ်သား နှစ်ဦး ငါးဖမ်းထွက်စဉ် ဧရာဝတီလင်းပိုင် သားပေါက် သုံးကောင်ကို မျိုးဆက်သစ်အဖြစ် ထပ်မံတွေ့ရှိခဲ့ကြောင်း ကာယကံရှင် ရေလုပ်သားနှင့် ပညာရှင်တစ်ဦး၏ အတည်ပြုပြောကြားချက်အရ သိရသည်။

မန္တလေးနှင့် ကျောက်မြောင်းကြားတွင် ဒီဇင်ဘာ ၂၁ ရက်က ငါးဖမ်းစဉ် အထက်ပါအတိုင်း တွေ့ရှိခဲ့ခြင်းဖြစ်ကာ တစ်တောင်နီးပါးအရွယ် သားပေါက်ငယ် တစ်ကောင်နှင့် နှစ်တောင်နီးပါးအရွယ်ခန့်ရှိ သားပေါက်ငယ် နှစ်ကောင်ဖြစ်ကြောင်း မျက်မြင်တွေ့ခဲ့ရသူ ရေလုပ်သား နှစ်ဦးအနက် တစ်ဦးဖြစ်သူ ဦးအောင်သင်းက ပြောကြားသည်။

“လင်းပိုင်သားပေါက် သုံးကောင်ကို တွေ့ခဲ့တာဟုတ်ပါတယ်။ တစ်တောင်လောက် တစ်ကောင်၊ နှစ်တောင်လောက် နှစ်ကောင်ကို တွေ့ခဲ့တာပါ။ ဒီနှစ်ပေါက်လေးတွေပါ” ဟု ဦးအောင်သင်းက ဆိုသည်။

ယင်းကဲ့သို့ လင်းပိုင်တွေ့ရှိမှုနှင့် ပတ်သက်၍ နှစ်သစ်တွင် ကြားရသည့် မင်္ဂလာသတင်းတစ်ခုပင်ဖြစ်ကြောင်း ဧရာဝတီလင်းပိုင်အရေးကျွမ်းကျင်သူ ပညာရှင်တစ်ဦးက အတည်ပြုပြောကြားကာ အဆိုပါသားပေါက်ငယ်များကို မြင်ရခြင်းသည် အကောင်ရေတိုးလာခြင်းကို သိရခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍


ယနေ့ ဖတ်စရာ

၂၀၂၄ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းဆိုင်ရာ ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်များ ထုတ်ပြန်၊ မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ လက်ရှိချမှတ် ဆောင်ရွက်နေသည့် မူဝါဒများ ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိ

ပြည်တွင်းသတင်း စာ ၃

လွတ်လပ်ရေးရပြီး ၇၆ နှစ် အကြာ . . .

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာ ၁၀

လက်ရှိတွင် ကြက်သွန်နီ ဈေးကွက်ငြိမ်နေပြီး တောင်သူများက နွေကြက်သွန်ကို အားထား

ပြည်တွင်းသတင်း စာ ၁၅


## ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်နိုင်သည့် အယ်လ်နီညိုအခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ အတွင်း ဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညိုအခြေအနေကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်ပြီး ဖေဖော်ဝါရီလမှစတင်၍ အယ်လ်နီညိုအခြေအနေမှာ တဖြည်းဖြည်း ပြန်လည်လျော့ကျလာနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နောက်ထပ်နှစ်ပေါင်းများစွာ မကုန်လွန်လို

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြင့်မားဆုံးဒေသဖြစ်သည့် အရှေ့တောင်အာရှတွင် တည်ရှိနေလင့်ကစား မြန်မာနိုင်ငံမှာ ပြည်တွင်းပဋိပက္ခများနှင့် ကာလရှည်ကြာလုံးထွေးရစ်ပတ်ရင်း ဖွံ့ဖြိုးမှု နောက်အကျဆုံးစာရင်းဝင်ဘဝမှပင် ရုန်းမထွက်နိုင် ဖြစ်နေရသည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းများစွာအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှု အမှားအယွင်းများ၊ နိုင်ငံတကာပိတ်ဆို့မှုများနည်းတူ ပြည်တွင်းစည်းလုံးညီညွတ်မှုဆိုင်ရာ ပြဿနာများနှင့် လက်နက်ကိုင်ပဋိပက္ခများကလည်း ကြီးစွာသော အနှောင့်အယှက်၊ အဟန့်အတားများဖြစ်သည်။

မိမိတို့ နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများမှာ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ အားကောင်းသည်နှင့်အမျှ ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို နှစ်နိုင်ငံ နယ်စပ်မျဉ်းကပ်လျက်မှာပင် တွေ့မြင်ကြရသည်။ လုံခြုံမှုမရှိသည့် နေရာများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်မဖော်နိုင်သည့်အလျောက် မိမိတို့၏ နယ်စပ်ဒေသအများစုမှာ တစ်ဖက်နိုင်ငံနှင့်ယှဉ်ပါက နိမ့်ကျစွာ ကျန်နေရစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် M သုံးလုံးဖြစ်သည့် man, money, materials ခေါ် လူ့စွမ်းအား၊ ငွေကြေးနှင့် ဝတ္ထုပစ္စည်းအရင်းအမြစ်တို့ပါ လက်နက်ကိုင်ပဋိပက္ခများအတွင်း တိုက်ရင်းခိုက်ရင်း ပြုန်းတီးကြရသည်။ တည်ဆောက်ပြီးသမျှမှာလည်း ဖျက်ဆီးခြင်းကြောင့် ပျက်စီးကြရသည်။ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန် တည်ဆောက်မှုမပြုနိုင်သည်နှင့်အမျှ ဆင်းရဲနွမ်းပါးမှုက ပြည်သူလူထုအပေါ် ကြီးမားလေးလံစွာ ဖိစီးလာသည်။ နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်းကြောင့် လူငယ်မျိုးဆက်သစ်များမှာ အိမ်နီးချင်းနိုင်ငံများသို့ထွက်၍ ရွှေ့ပြောင်းအလုပ်သမားအဖြစ် အိမ်ရှင်နိုင်ငံက ခွင့်ပြုသည့်အလုပ်တွင် ဝင်လုပ်ကြရသည်။

မြန်မာနိုင်ငံထက် အဆများစွာ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် အိမ်နီးချင်းနိုင်ငံများကို လေ့လာပါက ၎င်းနိုင်ငံများတွင်လည်း တိုင်းရင်းသားလူမျိုးစုများရှိနေကြသည်သာဖြစ်သည်။ ထို့အပြင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး စသည့်သဘောထားကွဲလွဲမှုများရှိခဲ့သည့်တိုင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အခြေအနေဆီသို့ မရောက်။ ထိပ်ပိုင်းခေါင်းဆောင်များ၊ နိုင်ငံရေးအုပ်စုများ၏ ဝိရောဓိများကြား နိုင်ငံနှင့်ပြည်သူနာစေမည့် လုပ်ရပ်များကို ရှောင်ရှားခဲ့ကြသည်ဟုပင်ဆိုနိုင်သည်။ မိမိတို့နိုင်ငံတွင်မူ သူတစ်ပါးလက်အောက်တွင် နေထိုင်ခဲ့ကြရစဉ်က မရှိခဲ့သည့် ပဋိပက္ခမျိုး တစ်နည်းအားဖြင့် ကျွန်နိုင်ငံသားအဖြစ် ဖိနှိပ်ထား၍ ပြားပြားမှောက်နေခဲ့ကြရစဉ်က ငြိမ်သက်ခဲ့ကြရသမျှ လွတ်လပ်သည့် နိုင်ငံသားဘဝတွင် အချင်းချင်းဆန့်ကျင်နေကြသည်မှာ တစ်ချိန်က မြန်မာနိုင်ငံကို ကျွန်ပြုအုပ်စိုးသွားသူတို့၏ အမြင်၌ ရယ်ချင်စရာပင် ဖြစ်နေလိမ့်မည်။

မကြာမီကျရောက်လာတော့မည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့သည် စိန်ရတုအလွန် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ တောင်တန်း မြေပြန့်မကျန် မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် လွတ်လပ်ရေးကြိုးပမ်းကြရာတွင် မိမိတို့၏ ဘိုးဘွားများ၏ အသက်များ၊ ဘဝများ ပေးဆပ်စတေးခဲ့ကြရခြင်းဖြစ်ပြီး ၎င်းတို့မျှော်မှန်းခဲ့သည့် အနာဂတ်နိုင်ငံတော်ကြီး၏ မြင်ကွင်းမှာ အေးအတူပူအမျှ၊ စည်းလုံးညီညွတ်ကြသည့် နိုင်ငံမျိုး၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံမျိုးကို တင့်တင့်တယ်တယ် မြင်လိုကြခြင်းဖြစ်သည်။ ယနေ့ နိုင်ငံတစ်ဝန်းတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်မှာလည်း ထိုအတိုင်းသာဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့် အပြန်အလှန် စွပ်စွဲပြစ်တင်မှုများ၊ တင်းမာခက်ထန်မှုများ၊ တစ်ယူသန်အစွဲများ၊ မာန်မာနအာဃာတများ စသည်တို့မှာ နိုင်ငံနှင့်ပြည်သူကို နှစ်ပေါင်းများစွာပင် အနာကြီးနာကျင်စေခဲ့ပြီဖြစ်သည့်အလျောက် ဒေသအသီးသီးတွင် ရှိနေကြသည့် ပြည်သူများ၏ အသက်အိုးအိမ်နှင့် လူမှုစီးပွားဘဝများ လုံခြုံရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ မေတ္တာတရားရှေ့မှာထားကာ ဝိုင်းဝန်းဖော်ဆောင်ပေးနိုင်ကြပါစေကြောင်း။ ။

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အကြိုလှုပ်ရှားမှုအဖြစ်ကျင်းပမည့် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ စုစုပေါင်း ၁၅ ရက်ကြာ ကောက်ယူမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်း၏ အကြိုလှုပ်ရှားမှုအဖြစ် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ အလွတ်တန်းနှင့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပြိုင်ပွဲဝင်များ၏ ဆောင်းပါးများတွင် အောက်ဖော်ပြပါ အဓိကအချက်များ ထည့်သွင်းရေးသားသင့်ပါသည် -

(က) သန်းခေါင်စာရင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူတိုင်း ပါဝင်ခွင့်ရသည့် တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြည်သူလူထု ဗဟုသုတအဖြစ် သိရှိရန်

(ခ) ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အထိမ်းအမှတ် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပြည်သူများအနေဖြင့် စာရင်းကောက်များ၏ မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပြည်သူများ ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်နိုင်ရန်

(ဂ) လူဦးရေသန်းခေါင်စာရင်းသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြုရသည့် စာရင်းအင်း အချက်အလက်များ အနက် အဓိကကျသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ ရရှိရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူလူထုသိရှိနားလည်ရန်

(ဃ) ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူလူထု ကျယ်ပြန့်စွာ သိရှိလျက် ယင်းလုပ်ငန်း အောင်မြင်စွာပြီးမြောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **အလွတ်တန်းအဆင့်ပြိုင်ပွဲ**

- အသက် ၃၀ နှစ်နှင့်အထက် ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာ စာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

(ခ) **ဝါသနာရှင်အဆင့်ပြိုင်ပွဲ**

- အသက် ၁၄ နှစ်မှ ၂၉ နှစ်အတွင်း ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်၊
- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၁၀ မျက်နှာအထိ ဖြစ်ရမည်၊
- ကွန်ပျူတာစာလုံး (Pyidaungsu) စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်၊
- အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရမည်၊
- အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

၃။ ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard + Soft Copy) (Word + Pdf) တစ်စုံစီ၊ ပြိုင်ပွဲဝင် အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ ၂ ပုံ (Passport Size)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စာတည်းမှူးချုပ်၊ စာပေဗိမာန်ရုံး၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၃၈၇၇၂၄၊ ၀၁-၃၈၀၄၄၉ သို့ လည်းကောင်း၊ အီးမေးလ်လိပ်စာ sarpaybeikman.sarpaybeikman@gmail.com သို့ လည်းကောင်း ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို စာပေဗိမာန် Website (www.sarpaybeikman-pol.gov.mm) နှင့် Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရစာမူများကို တရားဝင် အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခြင်းမခံရသော ဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

၄။ ဆုရရှိသူများစာရင်းကို အစိုးရသတင်းစာများတွင် လည်းကောင်း၊ စာပေဗိမာန်၏ Website နှင့် Facebook Page များတွင်လည်းကောင်း ကြေညာသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လ နောက်ဆုံးပတ်တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

**စာပေဗိမာန်**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

**မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာ ရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသောအချိန်ကာလဖြစ်သည်။**

[ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀-၁-၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ - ဦးအောင်မြတ်မင်း

## ဝင်ငွေတိုးတက်ရရှိရေးအတွက် ကုန်ချောလက်ကျန်များ လျှော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဦးစီးဌာန၊ လုပ်ငန်းများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရေးဆွဲ၍ စနစ်တကျ အကောင်အထည်ဖော်သွားရန်လိုကြောင်း၊ ဘဏ္ဍာရေးနှစ် ကုန်ဆုံးတော့မည်ဖြစ်၍ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပြီးပြတ်အောင် ဆောင်ရွက်သွားရန်နှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ကုန်ချောလက်ကျန်များ လျှော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြားခဲ့သည်။ **(ယာပုံ)**



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စာရင်းများစစ်ဆေးရာတွင် ကန့်ကွက်ချက်များ မဖြစ်ပေါ်စေရေးအတွက် ဌာနတွင်းစာရင်းစစ်အဖွဲ့များ ဖွဲ့စည်းပြီး ဦးစီးဌာန၊ လုပ်ငန်းများကို စစ်ဆေးပေးလျက်ရှိသဖြင့် ဌာနတွင်းစာရင်းစစ်များ၏ ထောက်ပြအကြံပြုချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အစီအမံများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူလိုက်နာဆောင်ရွက်ခြင်း (Plan, Do, Check, Act – PDCA) စသည့် အစီအစဉ်အတိုင်း အလေးထားဆောင်ရွက်ရန်နှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရန်ပုံငွေများ လျာထားတောင်းခံရာတွင် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်နှင့် နှစ်လတ်မူဘောင်ရေးဆွဲရာတွင်လည်း စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရရှိသည့်ဘဏ္ဍာရန်ပုံငွေများကို လေလွင့်မှုမရှိအောင်နှင့် အကျိုးရှိအောင် သုံးစွဲသွားရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများအနေဖြင့် လက်ရှိသင်ကြားနေသည့် သင်ကြားရေးစနစ်များနှင့် ပတ်သက်၍ အောင်မြင်မှု ရှိ/မရှိ စိစစ်သုံးသပ်ဆောင်ရွက်ရန်နှင့် ရလဒ်အခြေပြုပညာရေးစနစ် (Competency–based Training) ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအပေါ် ဌာနတွင်း စာရင်းစစ်ကော်မတီ၏ စစ်ဆေးတွေ့ရှိချက်များ၊ အကြံပြုချက်များနှင့် သုံးသပ်ချက်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နိုဝင်ဘာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများ၊ ကျန်ရှိသည့် ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်ရုံမှူးများ၊ စက်ရုံခွဲတာဝန်ခံများ၊ စိုက်ကွင်း/ စိုက်ခြံတာဝန်ခံများ၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးဌာနမှူးများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသနှင့် ရွှေဘိုကျောက်မြောင်းတွင် ဧရာဝတီမြစ်အတွင်း နိုင်ငံခြားသားခရီးသွားများ ဧရာဝတီလင်းပိုင်ကြည့်ရှုရေးခရီးစဉ်ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလဆန်း၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)၊ ဟိုတယ်တည်းခိုရိပ်သာလုပ်ငန်းရှင်များအသင်းနှင့် ရေလုပ်ငန်းရှင်တစ်ဦးတို့ ပူးပေါင်း၍ ခရီးသွားရာသီတွင် လင်းပိုင်နှင့် သဘာဝအလှကိုချစ်မြတ်နိုးသည့် နိုင်ငံခြားသားခရီးသွားများ ကြည့်ရှုလေ့လာနိုင်ရန် ဧရာဝတီလင်းပိုင်ကြည့်ရှုရေးခရီးစဉ်ကို ရေးဆွဲဆောင်ရွက်နေကြောင်းလည်း သိရသည်။

ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းမှုမရှိစေရန် ငါးလုပ်ငန်းဦးစီးဌာနမှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြစ်အတွင်း ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း၊ မျှောပိုက်ချခြင်းတို့မှ လင်းပိုင်များ ထိခိုက်နာကျင်သေဆုံးမှု မရှိစေရန် ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**MT**

❏ *ရှေ့ဖုံးမှ*

"သင်တန်းကြေးကတော့ အခမဲ့ပါ။ သင်တန်းကနေဆင်းရင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှာ Member ဝင်ထားတဲ့စက်ရုံတွေက အလုပ်ခေါ်ရင် နီးစပ်ရာ စက်ရုံတွေနဲ့ ချိတ်ဆက်ပေးပါတယ်" ဟု ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါသင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာ သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်း အဆင့်ဆင့်များကို လက်တွေ့ သင်ကြားမှုများဖြင့် သင်ကြား ပေးသွားမည်ဖြစ်ပြီး အလုပ်သမား ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

**MT**

◆ *ရှေ့ဖုံးမှ*

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

**မိုး/ဇလ**

## ၂၀၂၄ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းဆိုင်ရာ ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ချက်များ ထုတ်ပြန်၊ မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ လက်ရှိ ချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၂၄ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းဆိုင်ရာ ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်များ ထုတ်ပြန်ခဲ့ကာ မော်တော်ယာဉ်တင်သွင်းမှုနှင့် ပတ်သက်၍ လက်ရှိ ချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၃) အရ သိရသည်။

၂၀၂၄ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းရာတွင် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်အရ လူစီးမော်တော်ယာဉ်များအတွက် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ၊ လုပ်ငန်းသုံးယာဉ်များ (ကုန်တင်ယာဉ်/ ခရီးသည်တင်ယာဉ်) အတွက် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ၊ မီးသတ်ယာဉ်/ လူနာတင်ယာဉ်များအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ၊ ယန္တရားများအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ထုတ်လုပ်ထားသည့် လက်ဝဲစတီယာရင် မော်တော်ယာဉ်များကိုသာ တင်သွင်းရမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် ပူးတွဲပါလုပ်ငန်းသုံးယန္တရားများအား လွန်ခဲ့သော ၁၅ နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ် (၂၀၁၀ ပြည့်နှစ်နှင့်အထက် ထုတ်လုပ်သောယာဉ်) များအဖြစ် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ယခု ထုတ်ပြန်ချက်သည် လုပ်ထုံးလုပ်နည်းအရ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ခုနှစ် သတ်မှတ်ချက်အား ပုံမှန်ထုတ်ပြန်ခြင်းသာဖြစ်ပြီး မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ လက်ရှိချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိကြောင်းလည်း အသိပေးထားသည်။

**သစ်တော်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ထံမှ နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များ ဩဝါဒခံယူပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ထံမှ နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရထံမှ တာဝန်ရှိသူများနှင့် အလှူရှင်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသော မေတ္တာသုတ်နှင့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တမှ နယ်စပ်နှင့် တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် ရဟန်းတော်များအား ဩဝါဒကထာမြွက်ကြားသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်တွင်းသာသနာပြုဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးသန်းထိုက်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ကြွရောက်လာကြသည့် ဆရာတော် အရှင်သူမြတ်တို့အား တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒောဘာသထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်)ဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံနှင့် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ်ရှိ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ်ရှိ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံစီမံကိန်းနှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုကာလသည် ပွင့်လင်းရာသီဖြစ်ပြီး စပါးသီးနှံများ ရိတ်သိမ်းပြီးချိန်ဖြစ်သည့်အတွက် မြေသားလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်းများအတွက် လိုအပ်သော အထောက်အကူ ပစ္စည်းများ ကြိုတင်ပေးပို့ခြင်း၊ စီမံကိန်းတွင် အသုံးပြုမည့် အထောက်အကူ ပစ္စည်းများ ကြိုတင်သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများကို ကြိုတင် ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ဆောင်ရွက်လျက်ရှိသည့်မြို့ပြလုပ်ငန်းများကိုလည်း ဝန်ထမ်းအင်အား၊ စက်ယန္တရားအင်အား၊ လုပ်ငန်းဆောင်ရွက်ချိန်များကို ပိုမိုတိုးချဲ့စုဖွဲ့၍ ဟန်ချက်ညီ ပြီးစီးနိုင်ရေး အင်တိုက်အားတိုက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဆောင်ရွက်ရန် ကျန်လုပ်ငန်းများအလိုက် ပြီးစီးရမည့် အချိန်ဇယားများ ရေးဆွဲထား၍ ၎င်းအချိန်ဇယားများအတိုင်း သတ်မှတ်ချိန်ပြီးစီးနိုင်ရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသောဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်ကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်နေမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ်ရှိ ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီ ဘုရားကြီး ဓာတ်အားခွဲရုံ စီမံကိန်းများသည် ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၆၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ၂၀၂၄ ခုနှစ်အတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းပေးအပ်

**စစ်တွေ ဒီဇင်ဘာ ၂၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထွေထွေရောဂါကုဆေးရုံကြီး၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လိုအပ်သောကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး မဟာပညာကျော်ခန်းမ၌ စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများကို စားရေရိက္ခာများ အထိုက်အလျောက်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများသာမက ရခိုင်ပြည်နယ်၏ ပညာရေးတိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိကြသော ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကိုလည်း အားပေးချီးမြှောက်သောအားဖြင့် ယခုကဲ့သို့အခမ်းအနားဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ထို့အတူ ကျန်းမာရေးလုပ်ငန်းများ၊ သာသနိကအဆောက်အအုံများကို ပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လူမှုအလွှာအသီးသီးက ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် အချိန်တိုအတွင်းမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အချိန်တိုအတွင်းမှာ လျှပ်စစ်မီးရရှိအောင်၊ လမ်းများဖွင့်လှစ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဆရာ ဆရာမများနှင့်ဝန်ထမ်းများက လက်ခံရယူသည်။ **(အပေါ်ပုံ)**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**တင်ထွန်း(ပြန်/ဆက်)**

# လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိပြီးသူများအနေဖြင့် ခွင့်ပြုသည့်နေ့ရက်မှ ခြောက်လအတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရမည်





နေပြည်တော် ဒီဇင်ဘာ ၂၈

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်နှင့်စပ်လျဉ်း၍ လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်အနေဖြင့် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အရလည်းကောင်း သေချာစွာ စိစစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင် အစိုးရကာလ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားသော အမှုတွဲများအနေဖြင့် မူဝါဒများနှင့် ကိုက်ညီမှန်ကန်မှု ရှိ/ မရှိ၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်၍ ယခုအစည်းအဝေးတွင် ဆွေးနွေး ဆောင်ရွက်မည်ဖြစ်ကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ဖျက်သိမ်းပေးရန် တင်ပြလာသည့်ကိစ္စရပ်ကို ဆွေးနွေးဆုံးဖြတ်ရန် ပါဝင်ကြောင်း၊ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် ရရှိပြီးသူများအနေဖြင့် ခွင့်ပြုချက်ရရှိပြီး ခွင့်ပြုသည့်နေ့ရက်မှ ခြောက်လအတွင်း လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း လုပ်ငန်းပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိပြီးနောက် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိပါက မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ပြည်နယ်၊ နေပြည်တော်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် အနေဖြင့် စိစစ်ပြီး လယ်ယာမြေဥပဒေ ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ကို ပြန်လည်ပယ်ဖျက်နိုင်ရေး အမှုကိစ္စတစ်ခုချင်း အလိုက် ကြီးကြပ်စိစစ်ပြီး ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံသို့ နည်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း တင်ပြဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း။

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဖွဲ့ဝင်အားလုံး၏ ဆွေးနွေးသုံးသပ်ချက်၊ တင်ပြချက်များနှင့် သဘောတူညီမှုအရ ဆုံးဖြတ်ဆောင်ရွက်ရခြင်း ဖြစ်သည်ကို သတိပြုပြီး ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေး တင်ပြကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၁)ကြိမ်မြောက် အစည်းအဝေးတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစာတွဲများအား တင်ပြရာ အကြောင်းအရာတစ်ခုချင်းအပေါ် အစည်းအဝေးတက်ရောက်လာသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဘားအံမြို့တွင်းနှင့် မော်လမြိုင်မြို့တွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ပြုပြင်မွမ်းမံမှုနှင့် အသစ်တိုးချဲ့ရေးဆွဲစိုက်ထူထားရှိမှု မြေပြင်ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ကရင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် လည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် မွန်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လည်းကောင်း သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမများ၌ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများသို့ ကရင်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီး ဝင်းကျော်နိုင်၊ မွန်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေ၊ ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ဗဟိုကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် Road Safety Audit အဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီပြည့်စုံ မှန်ကန်ညီညွတ်စေရေးလုပ်ငန်း သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ နှင့် သက်ဆိုင်ရာဌာန/အဖွဲ့များ အနေဖြင့် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သည် အိမ်နီးချင်းနိုင်ငံနှင့် နယ်နိမိတ် ထိစပ်လျက်ရှိသည့် ပြည်နယ်များ ဖြစ်ခြင်း၊ ရှည်လျားသည့် အဓိက ပြည်ထောင်စု လမ်းမကြီးများ ပါဝင်နေခြင်း၊ တောတောင်ရေမြေ သဘာဝအလိုက်လမ်းများဖောက် လုပ်ထားခြင်းတို့ကြောင့် ခရိုင် / မြို့နယ်အလိုက်ပူးပေါင်းအဖွဲ့များ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ် ပြီး ကျယ်ကျယ်ပြန့်ပြန့် မြေပြင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြ ရန်၊ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ လိုအပ်သည့် ပြုပြင် မွမ်းမံမှု၊ အသစ်တိုးချဲ့ရေးဆွဲ စိုက်ထူမှုများ သတ်မှတ်ညွှန်ကြား ချက်နှင့်အညီ ပြည့်စုံညီညွတ် မှန်ကန်စေရေး ကြိုးပမ်းဆောင် ရွက်ကြရန်နှင့် ယခုအခါ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးတော့ မည်ဖြစ်၍ ခွင့်ပြုဘဏ္ဍာငွေများကို အချိန်မီ ထိရောက်အကျိုးရှိစွာ အသုံးချပြီး လမ်းညွှန်းများ၊ လမ်း အမှတ်အသားများနှင့် အချက်ပြ များ ပြည့်စုံပြီးမြောက်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**

ထို့နောက် ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ် သွားလာမှုအင်ဂျင်နီယာဌာနခွဲမှ အင်ဂျင်နီယာမှူးကြီးက ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သုံးသပ် ဖော်ထုတ်ချက်များ၊ ဗဟိုကြီးကြပ် ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ ကွင်းဆင်းစစ်ဆေးကြီးကြပ်မှုများ နှင့် လမ်းညွှန်းလမ်းအမှတ်အသား များ ရေးဆွဲစိုက်ထူရေးဆိုင်ရာ အကြံပြုချက်များကို လည်း ကောင်း၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ပြည်နယ်အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ် အသားများနှင့် အချက်ပြများ ဆောင်ရွက်ထားရှိမှု၊ ပြုပြင် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက် ရန် ကျန်လုပ်ငန်းများ၊ အသစ် တိုးချဲ့ ရေးဆွဲစိုက်ထူပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်အစီ အမံများကိုလည်းကောင်း Power Point Presentation ဖြင့် ရှင်းလင်း တင်ပြကြသည်။ ရှင်းလင်းတင်ပြ ချက်များနှင့် ဆွေးနွေးချက်များ အပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ သုံးသပ် ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး များအပြီးတွင် ဗဟိုကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌသည် အစည်း အဝေးတက်ရောက်လာကြသူများ၊ တာဝန်ရှိသူများနှင့်အတူ ဘားအံ မြို့အတွင်းနှင့် မော်လမြိုင်မြို့ အတွင်း လမ်းညွှန်းများ၊ လမ်း အမှတ်အသားများနှင့် အချက်ပြ များ ရေးဆွဲစိုက်ထူဆောင်ရွက် ထားရှိမှုများကို မြေပြင်ကွင်းဆင်း စစ်ဆေးကြည့်ရှုပြီး တွေ့ရှိချက် များအပေါ် သုံးသပ်အကြံပြု ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မလှိုင်မြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်

**မလှိုင် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် ကျေးရွာဖွံ့ဖြိုးရေး(VDP)စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ယာကြီးကုန်း ကျေးရွာအုပ်စု သြဇာခြံကျေးရွာ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါလမ်းပေါ်၌ ကျင်းပသည်။



ရေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်စုစုနှင့် တာဝန်ရှိသူများ က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး သည်။ **(အောက်ဝဲပုံ)**

အဆိုပါ ကွန်ကရစ်လမ်းမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၆ ဒသမ ၆၈၅ သန်းတို့ဖြင့် ဆောင်ရွက်ခဲ့ ခြင်းဖြစ်ပြီး လမ်းအရှည်မှာ ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ ထုခြောက် လက်မရှိကာ အိမ်ခြေ ၁၀၂ အိမ်၊ အိမ်ထောင်စု ၁၀၄ စု၊ လူဦးရေ ၈၆၄ ဦးတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အလားတူ မွန်းလွဲပိုင်းတွင် ဝါးခွကျေးရွာအုပ်စု ကံစွယ် ကျေးရွာတွင်းရှိ အလျားပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မ ရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်း သစ်ကို ဖွင့်လှစ်ခဲ့ပြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ထောက်ပံ့ရန်ပုံငွေကျပ် ၁၂ သန်း၊ ပြည်သူ့ လူထုထည့်ဝင်ငွေကျပ် ၇ ဒသမ ၀၉ သန်းတို့ဖြင့် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

## လှိုင်းအနည်းမှ လှိုင်းအသင့်တင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းမှ လှိုင်းအသင့်တင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) စာအုပ်ထုတ်ပေးရေး စခန်းများ၌ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ ဩဝါဒခံယူခြင်းအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၈

**အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် သည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနစုဝေးခန်းမ၌ကျင်းပသည့် ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) စာအုပ်ထုတ်ပေးရေးစခန်းများတွင် သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများမှ ဩဝါဒခံယူခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)**





အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ CI စာအုပ်ထုတ်ပေးရေး စခန်းများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ထိုင်းအလုပ်ရှင်များမှ အမည်စာရင်း တင်သွင်းထားသည့်အထောက်အထားမဲ့ မြန်မာအလုပ်သမား ကိုးသိန်းနီးပါးခန့်ကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) နှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ အလုပ်သမားသက်သေခံကတ် (OWIC) ထုတ်ပေးနိုင်ရေး မြန်မာ - ထိုင်း နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးချက်အရ CI ထုတ်ပေးနိုင်ရေးစခန်း ငါးခုနှင့် Mobile Unit သုံးခု ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား CI နှင့် OWIC ထုတ်ပေးရခြင်းမှာ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိစေရန် ရည်ရွယ်၍ ထုတ်ပေးရခြင်းဖြစ်ပြီး ထိုသို့ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိပါက အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများအနေဖြင့် CI နှင့် OWIC ပြုလုပ်မည့် အလုပ်သမားများသည် တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် စေတနာထား၍ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများအတိုင်း တိတိကျကျ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအချင်းချင်း နိုင်ငံ့ဝန်ထမ်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စေတနာ၊ ကရုဏာထား၍ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံဂုဏ်ကို ဆောင်ရမည်ဖြစ်သည့်အပြင် နိုင်ငံတော်နှင့် ဝန်ကြီးဌာနကိုယ်စားပြုသွားရောက်ခြင်းဖြစ်သည့်အတွက် အပြုအမူ၊ အပြောအဆိုများကို ဆင်ခြင်ထိန်းသိမ်းကြရန် မှာကြားသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် ဒီဇင်ဘာ ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။





တွေ့ဆုံစဉ် စက်ရုံမှူးက သံမဏိထုတ်လုပ်မှု၊ Electric Arc Furnace (EAF) တွင် မီးခံအုတ်အသစ်လဲလှယ်မှု၊ Air Separation Plant တွင် အောက်ဆီဂျင်ထွက်ရှိမှု၊ Steel Billet များ ထုတ်လုပ်မှုနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက Steel Billet ပိုမိုထုတ်လုပ်နိုင်ရေးအတွက် စက်ရုံမှူးနှင့် ဝန်ထမ်းများ ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ စက်ရုံကုန်ထုတ်လုပ်ငန်းများ ယခုထက်တိုးတက်အောင် ကြိုးပမ်းကြရန်၊ စက်ရုံလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး Meltshop-1 သံရည်ကျိုလုပ်ငန်း ဆောင်ရွက်နေမှု၊ Air Separation Plant တွင် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင် ထုတ်လုပ်မှုနှင့် စီမံကိန်း Drawing များ စနစ်တကျထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စက်မှုမှတ်ပုံတင်လုပ်ငန်း၊ လျှပ်စစ်စစ်ဆေးခြင်းလုပ်ငန်း၊ ဘွိုင်လာစစ်ဆေးခြင်းလုပ်ငန်းနှင့် MSME ချေးငွေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက မှတ်ပုံတင်လုပ်ငန်းများကို သတ်မှတ်ထားသော လုပ်ငန်းအစီအမံအတိုင်း ပြည့်စုံပါက ကြန့်ကြာမှုမရှိဘဲ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရန်၊ ဝန်ထမ်း၊ ပစ္စည်း၊ အဆောက်အဦ၊ သတင်းလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးကိစ္စရပ်များကို အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရေဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) ဘိလပ်မြေစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအစည်းအဝေးခန်းမ၌ အမှတ်(၃၂) အကြီးစားစက်ရုံ(ကြံခင်း)အား အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းအတွက် စီမံကိန်း ဦးဆောင်ကော်မတီမှ Asia Square Power Group Co., Ltd. နှင့် စက်ရုံလုပ်ငန်း စီမံကိန်းကြီးကြပ်ရေးအဖွဲ့တို့အား တွေ့ဆုံကာ စက်ရုံလည်ပတ်နိုင်ရေးအတွက် Master Plan များ ရေးဆွဲထားရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှတ်(၃၂) အကြီးစားစက်ရုံ (ကြံခင်း) ဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းထုံးကျောက်သယ်ဆောင်ရာတွင် အသုံးပြုနေသော လျှပ်စစ်စက်ခေါင်းဖြင့် မောင်းနှင်သည့် တွဲဆိုင်းနှင့် မီးရထားလမ်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၅ ရက်ကလည်း ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်ရုံမှူးက စက်ရုံလည်ပတ် ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်လျာထားချက်များအပေါ် လိုအပ်သောစက်ပစ္စည်း၊ ကုန်ကြမ်းများရရှိရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် Action Plan, Production Plan နှင့် Marketing Plan များကို စနစ်တကျရေးဆွဲဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဖန်းမော်မြို့နယ် မြောက်ပိုင်းရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ရော်ဘာပြားများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိ

**ဖန်းမော် ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ် မြောက်ပိုင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း လီမိတက်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် မန်စီမြို့နယ် ကုန်းတိမ်ကျေးရွာတွင် စက်ရုံတည်နေရာထား၍ ရော်ဘာပြားများ ထုတ်လုပ်လျက်ရှိသည်။

ရော်ဘာစေးများအား ကုန်းတိမ်ကျေးရွာနှင့် အနီးအနားကျေးရွာများရှိရော်ဘာစိုက်ပျိုးသူများထံမှ ဝယ်ယူပြီး ဖော်မင်းအက်ဆစ်နှင့် ရော်ဘာစေးများအား အချိုးကျရော၍ ခဲထားခြင်း၊ ကြိတ်ခြင်းများ ပြုလုပ်သည်။ ထို့နောက် ကြိတ်ပြီးသော ရော်ဘာပြားများကို သုံးရက်နေလှန်းပြီး လေးရက်မှိုင်းခံခြင်းများ ဆောင်ရွက်ရာ တစ်ရက်လျှင် ရော်ဘာပေါင် ၂၂၀ မှ ၂၃၅ ပေါင်ကြားနှုန်းဖြင့် တစ်လလျှင်ပေါင် ၆၅၀၀ မှ ၇၀၀၀ ကြားထုတ်လုပ်နိုင်ပြီး တစ်ထုပ်လျှင် ပေါင် ၁၁၀ နှုန်းဖြင့် ၆၅ ထုပ်မှ အထုပ် ၇၀ ကြားရရှိသည်။ ထွက်ရှိလာသော ရော်ဘာပြားများကို ပြည်တွင်းသာမက ပြည်ပအထိ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို ကောင်းမွန်သောစီးပွားရေးဝန်းကျင်ဖြစ်လာစေရေး ရည်ရွယ်ဖွဲ့စည်းခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၈**
မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၄/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဖွင့်အမှာစကားပြောကြားပြီး(**ယာပုံ**) မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဝက်ဘ်ဆိုဒ် ရေးဆွဲဆောင်ရွက်မှု၊ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယှဉ်ပြိုင်မှုအဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများ၊ တိုင်ကြားမှုများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုများအပေါ် ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို ယှဉ်ပြိုင်မှုဥပဒေစိုးမိုးမှုရှိစေရေးအတွက် ပွင့်လင်းမြင်သာ၍ တရားမျှတစွာ ဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ အားလုံးအတွက် ကောင်းမွန်သော စီးပွားရေးဝန်းကျင်ဖြစ်လာစေရေးကိုရှေးရှု၍ ယှဉ်ပြိုင်မှုမူဝါဒကို ရေးဆွဲရန်၊ ယှဉ်ပြိုင်မှုမူဝါဒ၏ အကျိုးကျေးဇူးများကို အသိပညာပေးရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၈**
နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အေလာကျေးရွာသို့ ရောက်ရှိပြီး ဦးအေးထွန်း၏ ပြည်လုံးချမ်းသာဆီစက် လည်ပတ်နေမှုနှင့် မြေပဲများကြိတ်ခွဲနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။(**ဝဲပုံ**)

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် သာစည်ကျေးရွာအနီး ရုံးပင်ချောင်း ယာယီရေထိန်းဆည် တည်ဆောက်နေမှုနှင့် ဆိုလာစနစ်ဖြင့် ရေတင်၍ မဒန်းဆည်ရေသောက်ကေ ၅၀၀ ကို ရေကူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တစ်နှစ်လျှင် သုံးသီး စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ရုံးပင်ချောင်း ယာယီရေထိန်းဆည်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တော်ဝင်ရတနာလမ်းဘေးဝဲ/ယာတွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ အမြဲသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်၊ လမ်းဘေးဝဲ/ယာတွင် ရာသီအလိုက်ပွင့်သည့် ပန်းပင်များ စနစ်တကျ စိုက်ပျိုးထားရှိရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နည်းပညာဆိုင်ရာသုတေသနများကို ရည်မှန်းချက်နှင့်စီမံကိန်းများချမှတ်ကာ ဆက်စပ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်လိုအပ်

**မကွေး ဒီဇင်ဘာ ၂၈**
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ်(မကွေး)သို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို တစ်တပ်တစ်အား အထောက်အကူပြုနိုင်ရေးအတွက် လည်းကောင်း၊ ပြန်ပြည့်မြဲစွမ်းအင်ရင်းမြစ်များမှ ထုတ်ယူသုံးစွဲမှုများ မြှင့်တင်နိုင်ရေးနှင့် လျှပ်စစ်သုံးယာဉ်ကို အိမ်စီးယာဉ်များအပြင် စက်မှုလယ်ယာကဏ္ဍအတွက်ပါ သုံးစွဲနိုင်ရေးအတွက် လည်းကောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိစ္စဓူဝ လုပ်ငန်းကိစ္စရပ်များ အဆင်ပြေပြေ ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း ရေရှည်အကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိနိုင်မည့် နည်းပညာဆိုင်ရာ သုတေသနများကို ရည်မှန်းချက်နှင့် စီမံကိန်းများချမှတ်ကာ ဆက်စပ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘာသာရပ်အလိုက်၊ အဖွဲ့အလိုက် ခင်းကျင်းပြသထားသော သုတေသန Project Show ရှိ ကျောင်းသား ကျောင်းသူများ၏ ရှင်းလင်းပြသမှုများကို စိတ်ပါဝင်စားစွာကြည့်ရှုအားပေးကာ(**ယာပုံ**) ဒုတိယဝန်ကြီးက နည်းပညာသုတေသနများ၊ တီထွင်ဆန်းသစ်မှုများကို နိုင်ငံတော်နှင့် ဒေသတွင်း စက်မှုဇုန်တို့ရှိ MSMEs လုပ်ငန်းများဖွံ့ဖြိုးရေး လက်တွေ့ကျကျ အသုံးချနိုင်သည်အထိ ချဲ့ထွင်၍ ပေါင်းစပ်ဆောင်ရွက်သွားရန်၊မိမိတို့ဆောင်ရွက်သော သုတေသနများကိုအခြေပြု၍ နောက်စာသင်နှစ်ရှိကျောင်းသားများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေး လက်ဆင့်ကမ်းခဲ့ရန် တိုက်တွန်းပြောကြားကာ ထူးချွန်သောသုတေသနအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။။

ယင်းနောက် ဘက်စုံသုံးမိုးလုံလေလုံအားကစားခန်းမ၌ ဘော်လီဘောကစားနေကြသော ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ ဗလငါးတန်နှင့်ပြည့်စုံ၍ တိုင်းကျိုးပြည်ပြုမျိုးဆက်သစ်လူငယ် အင်ဂျင်နီယာကောင်းများဖြစ်စေရေး ကြိုးပမ်းစွမ်းဆောင်ကြရန် မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပင်မဆောင်၊ အင်ဂျင်နီယာဌာနများမှ လက်တွေ့ခန်းများ၊ ကျောင်းသား ကျောင်းသူဆောင်များနှင့်ကျောင်းသားဆောင် တည်ဆောက်ရေး လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဒုတိယဝန်ကြီးက ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းကို လက်တွေ့ကျကျ ဖန်တီးပေးနိုင်သောပုံမှန်နှင့် ကာလတိုသင်တန်းများ၊ စံနှုန်းများနှင့်အညီ သင်ကြားမှုများ၊ လက်တွေ့လေ့ကျင့်မှုတို့ဖြင့် လှုပ်ရှားသက်ဝင်နေသောကျောင်းဖြစ်စေရေးနှင့် နိုင်ငံတော်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဤကျောင်းမှ ပျိုးထောင်ပေးသူများ ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းဝင်းအတွင်းရှိ ပင်မဆောင်နှင့် အင်ဂျင်နီယာဌာနများမှ အလုပ်ရုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**



## ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဟောပြော

**ဘားအံ ဒီဇင်ဘာ ၂၈** – ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်မတော်တဆဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ အသက်ဆုံးရှုံးမှု ၊ လူမှုဘဝဆုံးရှုံးမှုများ လျော့နည်းစေရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကျောင်းသား ကျောင်းသူများ သိရှိစေရန် ရည်ရွယ်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးအေးက အမှာစကားပြောကြားပြီး ပြည်နယ်ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးသူရကျော်က ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်စည်းကမ်းများအကြောင်း၊ ကရင်ပြည်နယ် တရားလွှတ်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးဝေစိုးက ယာဉ်မတော်တဆမှုဖြစ်ပွားသည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြောကာ စည်းကမ်းမလိုက်နာမှုကြောင့်ဖြစ်ပွားသည့် ယာဉ်အန္တရာယ်များအကြောင်း ဗီဒီယိုကလစ်ဖြင့် ရှင်းလင်းပြသပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၆၄၂ ဦး တက်ရောက်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့် အငြိမ်းစားဝန်ထမ်းများအား ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို အထူးအလေးထား

နေပြည်တော် ဒီဇင်ဘာ ၂၈

**ဗဟိုအဆင့် (၂၀၂၂) ခုနှစ်၊ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပသည်။**



ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်အနက် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နိုင်မှသာ လူတိုင်းသက်ရှည်ကျန်းမာပြီး မျှော်မှန်းလူ့သက်တမ်းတိုးမြင့်လာနိုင်မည်ဖြစ်ကြောင်း၊ ယခု ဆန်းစစ်ဆွေးနွေးပွဲတွင် စီမံချက်တစ်ခုချင်းအလိုက်၊ ဌာနခွဲအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၏ ရလဒ်၊ အားသာချက်၊ အားနည်းချက်များကိုဆွေးနွေးကာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals) ကို ပြည့်မီပြီး ဒေသတွင်းနိုင်ငံများနှင့်လည်း ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည့် အငြိမ်းစားဝန်ထမ်းများအား ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို အထူးအလေးထား၍ ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း။

ယာယီ နေရပ်စွန့်ခွာသည့် ပြည်သူများနှင့် လူစုလူဝေးရှိသည့် နေရာများ၌ ကာကွယ်ဆေးထိုး လုပ်ငန်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်အတိုင်း ပေါင်းစည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာန (Myanmar Center for Disease Control) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် နေပြည်တော်တွင် တည်ဆောက်လျက်ရှိရာ ပြီးစီးတော့မည်ဖြစ်သဖြင့် မကြာမီဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ အရေးပါသော မှတ်တိုင်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ မကြာမီက ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များကို အထူးအလေးပေး၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် (၂၀၂၂) ခုနှစ်အတွင်း လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာထွန်းမင်းတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ဌာနခွဲအသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် အကြံပြုချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးအတည်ပြုကြကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကော့ကရိတ်မြို့နယ် နဘူး - နှစ်ခြားကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့

**ဘားအံ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် နဘူး - နှစ်ခြား ကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နဘူးကျေးရွာ အောင်သိဒ္ဓိကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တက္ကန္ဒကနှင့် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် (ရွှေကျင်) ဆရာတော် ဘဒ္ဒန္တသုမနတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ ဆန်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို အောင်သိဒ္ဓိကျောင်း ဓမ္မာရုံ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာသူများတွင် ကျောင်းနေအရွယ်များပါဝင်ပါက ပညာရေးနှောင့်နှေးမှုမဖြစ်စေရေး ရောက်ရှိနေရာတွင် ပညာသင်ကြားနိုင်အောင် စီမံဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားထားပြီးဖြစ်ကြောင်း၊ မိမိနေရပ်မိမိဒေသ တည်ငြိမ်အေးချမ်းစေရန် မိဘပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ လိုကြောင်း၊ ယခုကဲ့သို့ ယာယီပြောင်းရွှေ့ နေထိုင်ရခြင်းသည် အခိုက်အတန့် တစ်ခုသာဖြစ်ပြီး မူလဒေသတွင် ပြန်လည်နေထိုင်နိုင်ရေး အေးချမ်းတည်ငြိမ်မှုရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ မကြာမီ အိမ်ပြန်ကြရမည်ဖြစ်ကြောင်း၊ ယာယီပြောင်းရွှေ့နေထိုင်စဉ်ကာလအတွင်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချင်းချင်းရိုင်းပင်းကူညီ၍ ကျန်းကျန်းမာမာ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် နဘူး - နှစ်ခြားကျေးရွာတွင် ယာယီပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာအိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ တစ်လီတာ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်နှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၃၅၇ စုအတွက် ဆန် ၂၄ ပြည်အိတ် ၉၀၊ ခေါက်ဆွဲခြောက် ဖာ ၉၀ ၊ ဆီပီပါ ၁၈၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကာ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နဘူးတိုက်နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်း အားပေးစကား ပြောကြားပြီး ကြက်ဥ၊ ကွေကာအုပ် အစရှိသော အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နဘူးတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီး၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အထွေထွေအသုံးစရိတ် ငွေကျပ်သုံးသိန်းကို ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖ ***ကျောဖုံးမှ***

အဆိုပါပွဲတွင် မြန်မာမှ ကျော်စွာဝင်းနှင့် ဖုန်းဆီရီ (ထိုင်း)၊ ရာမာန်(မြန်မာ)နှင့် ဝေါလက်ချစ်လစ်(ထိုင်း) တို့ထိုးသတ်မည်ဖြစ်ကာ ကျန်တွဲဆိုင်းများအဖြစ် ကိုကို(ဘီလပ်မြေစက်ရုံ) နှင့် တိုင်းကျော် (M2K)၊ မိုးဟိန်း (ဘီလပ်မြေစက်ရုံ)နှင့် နိုင်အောင်ရှင် (Lethwei Worriers)၊ သူရဲကောင်း (ဘီလပ်မြေစက်ရုံ) နှင့် ကောင်းဆက်နိုင် ( ရိုးရာကျား)၊ စောဘဟိန်း (ဘီလပ်မြေစက်ရုံ)နှင့် အဖိုးသွေး(Lethwei Worriers)တို့ ပါဝင်ထိုးသတ်မည်ဖြစ်သည်။

"မူလကတော့ ကျော်စွာဝင်းကို ဝီဂျစ်နဲ့စီစဉ်ထားတာပါ၊ ဝီဂျစ်က ဇန်နဝါရီလထဲမှာ ပွဲရှိလို့ လူပြောင်းလိုက်တာပါ၊ ဖုန်းဆီရီက မြန်မာလက်ဝှေ့ တစ်ပွဲပဲ ထိုးဖူးပြီး စိုးလင်းဦးနဲ့ သရေကျထားပါတယ်။ လက်ရှိမှာ သူက one championship မှာ ထိုးနေသူပါ" ဟု ပွဲစီစဉ်သူက ပြောသည်။

အဆိုပါပွဲကို လက်ဝှေ့ဝါသနာရှင်အားလုံး ကြည့်ရှုနိုင်ရန် ပရိသတ်တစ်သောင်းဆန့် အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်ပြီး လက်ဝှေ့ကြိုးဝိုင်းအနီး ကြည့်လိုသူများအတွက် ကျပ်ငါးသောင်းတန်း အစောင် ၁၀၀ နှင့် ကျပ်သုံးသောင်းတန်းအစောင် ၁၀၀ သာရောင်းချပြီး ရိုးရိုးတန်းအတွက် အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

**အာကာစိုး**

❒ ***ကျောဖုံးမှ***

ရှုံးပွဲကြုံတွေ့ခဲ့သည့် ပဲလေ့စ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် လိဂ်ရှစ်ပွဲတွင် သရေသုံးပွဲနှင့် ရှုံးပွဲငါးပွဲရှိသည်အတွက် နည်းပြ ဟော့ဂ်ဆန်လက်ထက် နိုင်ပွဲပျောက်ဆုံးမှု အရှည်ကြာဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

### ပယ်နယ်တီသွင်းယူ

ချယ်ဆီး အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၃ မိနစ်တွင် မူဒရစ်က သွင်းယူပေးပြီး အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် မက်ဒူခ်ကီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

### သွင်းယူပေး

ပဲလေ့စ် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် အိုလစ်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၆ မိနစ်တွင် ချယ်ဆီးအသင်းမှ ဂျက်ဆင်ပဲလေ့စ်အသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်ပြန်လည်ကြည့်ရှု စစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

အခြားသော ပွဲစဉ်ရလဒ်တွင် ဝုဖ်က ဘရန့်ဖို့ဒ်ကို လေးဂိုး- တစ်ဂိုး၊ မန်စီးတီးက အဲဗာတန်ကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# အဂတိလိုက်စားခြင်းကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကို သေချာစွာသိရှိထားမှသာ အခြားသူများကို အသိပညာပေးဆွေးနွေးနိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်၊ ဝန်ထမ်းများ၏ လေ့လာမှုနှင့် စာဖတ်စွမ်းရည်မြင့်မားလာစေရန်၊ အများရှေ့တွင် တင်ပြနိုင်မှုစွမ်းရည်(Presentation Skill) မြှင့်တင်ရန်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးနိုင်ရန်အတွက် ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါဝင်ဆွေးနွေးသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အဖွင့်အမှာစကားပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းကြောင့် ဝန်ထမ်းများ လေ့လာသင်ယူမှုပိုမိုအားကောင်းလာပြီး အသိပညာဗဟုသုတတိုးပွားလာမည် ဖြစ်ကြောင်း၊ ကော်မရှင်ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို သေချာစွာသိရှိထားမှသာလျှင် အခြားသူများကို အသိပညာပေး ဆွေးနွေးနိုင်မည်ဖြစ်ပြီး ကိုယ်တိုင် ကျင့်ဝတ်နှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် အဂတိကင်းစင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားခြင်းသည် ရှက်ရွံ့စရာဖြစ်ကြောင်း လူတိုင်းရင်ထဲ စွဲမြဲသည်အထိ ပြုပြင်ပြောင်းလဲပေးနိုင်ရေး စံနမူနာပြ ပြုမှုနေထိုင်ကျင့်ကြံရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားခြင်းသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည့်အတွက် အဂတိလိုက်စားမှုကျူးလွန်သူ၏ ဂုဏ်သိက္ခာကိုသာမက နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုလည်း များစွာထိခိုက် ကျဆင်းစေနိုင်ကြောင်း၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် ကော်မရှင်တစ်ခုတည်း၏ ကြိုးပမ်းအားထုတ်ခြင်းဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိက၊ အရပ်ဘက်အဖွဲ့အစည်းများသာမက နိုင်ငံသားတိုင်း၏ ပူးပေါင်းပါဝင်မှုများ လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေါ်ရေးနှင့် အဂတိလိုက်စားမှုကင်းစင်သည့် လူ့အဖွဲ့အစည်းဆီသို့ ဦးတည်ရာ၌ ခိုင်မာသော သန္နိဋ္ဌာန်၊ မယိမ်းမယိုင်သော ဖြောင့်မတ်တည်ကြည်မှုရှိမှသာ အောင်မြင်စွာ ဖြတ်ကျော်နိုင်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများကို လုံးဝသည်းခံခွင့်လွှတ်မှု မပြုခြင်းဖြင့် အဂတိလိုက်စားမှုကင်းစင်သော အနာဂတ်ဆီသို့ လက်တွဲဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Moderator ဦးဆောင်ဆွေးနွေးသူအဖြစ် ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က ဆောင်ရွက်ပြီး ကော်မရှင်ရုံးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်အိအိကျော်က "အဂတိလိုက်စားမှုကို ရှက်ရွံ့ခြင်းနှင့် ဆန့်ကျင်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စီမံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူက "ဖြောင့်မတ်တည်ကြည်မှုရှိသည့် လုပ်ငန်းခွင်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆုလာဘ်နွယ်က "အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသည့် လူ့အသိုက်အဝန်းဆီသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြ၍ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည် ဖြေကြားကြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပိုးသတ်ဆေးများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်မညီညွတ်ပါက မှတ်ပုံတင်ခွင့်ပေးမည်မဟုတ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၄၁)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌက ပိုးသတ်ဆေးများကို မဆင်မခြင်သုံးစွဲလာခြင်းကြောင့် ပိုးမွှားမဟုတ်သော ပိုးကောင်များ ထိခိုက်သေကျေစေခြင်း၊ ဖျက်ပိုးများကို ကာကွယ်သော မိတ်ဆွေပိုးများ၊ ငှက်များ၊ ငါးများနှင့် နို့တိုက်သတ္တဝါများ သေကျေ၍ကွင်းဆက်များ ပျက်စီးခြင်း၊ ရေနှင့်သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ မြေဆီလွှာအတွင်းရှိ တီကောင်အပါအဝင် ဇီဝမျိုးစုံနှင့် မြေဆီလွှာအာဟာရများပျက်စီးကာ မြေဆီလွှာ ကျန်းမာရေးကို ထိခိုက်စေပါကြောင်း၊ ပိုးသတ်ဆေးများ ကြိမ်ဖန်များစွာ ပက်ဖျန်းခြင်းကြောင့် ဖျက်ပိုးများက ပိုးသတ်ဆေးကို ခံနိုင်စွမ်းရည်ရှိလာကြ၍ နှိမ်နင်းရန် ခက်ခဲကြောင်း၊ ထို့ကြောင့် ပိုးသတ်ဆေးများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် မညီညွတ်ပါက မှတ်ပုံတင်ခွင့်ပေးမည်မဟုတ်ကြောင်း။

ထို့ကြောင့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောနည်းပညာ အထောက်အကူရရှိရန် ကျွမ်းကျင်ပညာရှင်များ ပါဝင်သော နည်းပညာကော်မတီသို့ လိုအပ်သည့် သတင်းအချက်အလက်များကို ပြုစုတင်ပြခြင်း၊ စိစစ်သုံးသပ်အကြံပြုခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ သီးနှံဖျက်ပိုးအပေါ် ထိရောက်စေနိုင်မှု(Efficacy) လူနှင့် အခြားအကျိုးပြုသတ္တဝါများအပေါ် အဆိပ်သင့်နိုင်မှု (Toxicity) များကို စိစစ်သုံးသပ်အကြံပြုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိသူများ၊ ဖောက်ဖျက်ကျူးလွန်သူများ လျော့နည်းပပျောက်သွားသည်အထိ ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသူများက ပိုးသတ်ဆေးနည်းပညာ ကော်မတီဝင်များ စိစစ်တင်ပြလာသော ပိုးသတ်ဆေး အမျိုးပေါင်း ၁၀၉ မျိုးကို အတည်ပြုပေးနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး နယ်မြေမဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး နယ်မြေမဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းအစီအစဉ်ကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများအလိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မှော်ဘီမြို့နယ် ရပ်ကွက်၊ ကျေးရွာ ၂၂ ခုမှ ပြည်သူ ၅၆၆ ဦး၊ သာကေတမြို့နယ် ရပ်ကွက်ငါးခုမှ ပြည်သူ ၄၆၀ ၊ ဗိုလ်တထောင်မြို့နယ် ရပ်ကွက်ခြောက်ခုမှ ပြည်သူ ၄၁၁ ဦး၊ ကမာရွတ်မြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ၄၈၁ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာမှုများ ဆောင်ရွက်သည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၂၉ ရက်တွင်မှော်ဘီမြို့နယ်၊ သာကေတမြို့နယ်၊ဗိုလ်တထောင်မြို့နယ်နှင့် ကမာရွတ်မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဝါးခယ်မ၌ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်

**ဝါးခယ်မ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစန်းမောင်ဦးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး ငါးမွေးမြူရေးကန်များ၊ အင်းချောင်းများနှင့်ပတ်သက်၍ အခြေခံအကြောင်းအရာများ၊ ရေသယံဇာတ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ဆောင်ရန်ရှောင်ရန်များ၊ ငါးမျိုးများကို စနစ်တကျမွေးမြူ၍ ငါးစားသုံးမှု ဖူလုံရေးသာမက ပြည်တွင်း ပြည်ပတင်ပို့ရောင်းချနိုင်ရေး နည်းလမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျာပုံငါးလုပ်ငန်း သင်တန်းကျောင်း တာဝန်ခံ ဒေါ်ခိုင်ခိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ငါးအမျိုးမျိုးနှင့် အခွံမာရေနေသတ္တဝါများကို မွေးမြူသူများအတွက် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်တွင် GAqP ၏ အဓိကရှုထောင့်လေးခုနှင့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးရပြီး ၇၆ နှစ် အကြာ ...

ဇင်ငြိမ်း

မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တာ ၇၆ နှစ်ရှိပါပြီ။ လက်ရှိမျိုးဆက်သစ်တွေက နယ်ချဲ့လက်အောက်မနေခဲ့ဖူးသလို လွတ်လပ်ရေးရတဲ့အချိန်ကိုလည်း မမီခဲ့ပါဘူး။ လွတ်လပ်ရေးရတာကို မီခဲ့သူတွေဟာ အခုဆို အနည်းဆုံး အသက် ၇၆ နှစ်ကျော် ရှိနေပါပြီ။ ၁၉၄၇ ခုနှစ်မှာ မွေးတဲ့သူတွေတောင် နယ်ချဲ့အုပ်ချုပ်မှုအောက်မှာ မနေခဲ့ဖူးပါဘူး။ လက်ရှိမျိုးဆက်တွေက ၁၉၄၇ ခုနှစ်နောက်ပိုင်းမှ မွေးလာခဲ့သူတွေဖြစ်တဲ့အတွက် လွတ်လပ်ရေးမျိုးဆက်သစ်တွေလို့ ဆိုရမှာပါ။ သူ့ကျွန်ဘဝမှာလည်း မနေဖူးခဲ့တဲ့သူတွေပါ။ လွတ်လပ်ရေးကို ရေကန်အသင့် ကြာအသင့် ရခဲ့တဲ့သူတွေလည်း ဖြစ်ပါတယ်။



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်မှ မော်ကွန်းကျောက်စာ။

**❑ တည်ရှိနေဆဲ ပဋိပက္ခတွေကို ချဉ်းကပ်ဖြေရှင်းရာမှာလည်း ကမ္ဘာမှာ ခေတ်တွေ၊ စနစ်တွေ၊ အယူအဆတွေ ပြောင်းလဲနေပေမယ့် မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုကတော့ မပြောင်းလဲသေးပါဘူး။ ဖြူရင်ဖြူ၊ မဖြူရင် မည်းရမယ်ဆိုတဲ့ သဘောထားတွေနဲ့ အယူအဆတွေကို စွဲကိုင်ထားကြဆဲပါ။ ဒါကြောင့်လည်း ပဋိပက္ခဖြေရှင်းမှုဟာ နှစ်တွေသာကြာနေပေမယ့် နိုင်ငံအတွက် တကယ်လိုအပ်နေတဲ့အဖြေရောက်ဖို့ အခက်အခဲတွေ ရှိနေပါသေးတယ်။ နိုင်ငံနဲ့ ပြည်သူအတွက် အဖြေမထွက်ပေမယ့် ဒီအပေါ်မှာ အသုံးချ၊ အမြတ်ထုတ်နေသူတွေရှိနေခြင်းဟာလည်း ပြဿနာတွေဖြေရှင်းရာမှာ ပိုပြီးခက်ခဲစေလျက်ရှိတာကို တွေ့ရပါတယ်**

## လွတ်လပ်ရေးဆိုတာ

**လွတ်လပ်ရေးဆိုတာ အခြားနိုင်ငံ၏ အုပ်ချုပ်မှုမှ လွတ်မြောက်ခြင်းလို့ အင်္ဂလိပ်အဘိဓာန်မှာ ဖွင့်ဆိုပါတယ်။ မြန်မာအဘိဓာန်မှာတော့ တိုင်းတစ်ပါး၏ အုပ်စိုးခြင်းမှ လွတ်လပ်မှု လို့ ဆိုပါတယ်။** ဒီဖွင့်ဆိုချက်တွေကတော့ လွတ်လပ်ရေးဆိုတဲ့ စကားရပ်ကို တိုက်ရိုက်ဖွင့်ဆိုထားတဲ့ အဓိပ္ပာယ်တွေပဲ ဖြစ်ပါတယ်။ တိုင်းတစ်ပါးရဲ့ အုပ်ချုပ်မှုကနေ လွတ်မြောက်တာနဲ့ လွတ်လပ်ရေးရပြီလို့ဆိုနိုင်ပေမယ့် အဲဒီလွတ်လပ်ရေးနဲ့အတူ လွတ်လပ်ရေးရဲ့အဓိပ္ပာယ်၊ အနှစ်သာရ၊ တန်ဖိုးတွေရှိမှသာ လွတ်လပ်ရေးရဲ့ အရသာကို အပြည့်အဝခံစားနိုင်မှာဖြစ်ပါတယ်။ နယ်ချဲ့လက်အောက်ကနေ လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့လူမျိုးဖြစ်ဖို့ ကြိုးစားရာမှာလည်း ရည်ရွယ်ချက်ရှိပါတယ်။ လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့လူမျိုးဖြစ်မှ အခြားနိုင်ငံနဲ့ တန်းတူကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပြီး တိုးတက်အောင် ကြိုးစားကြဖို့သာ ဖြစ်ပါတယ်။

မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းမှာ လွတ်လပ်ရေးရယူတဲ့ ရည်ရွယ်ချက်တွေ ပါပါတယ်။ **“တိုင်းရင်းသားအပေါင်းတို့ သွေးစည်းညီညွတ်လျက် အခွင့်အရေး အဆင့်အတန်းတူညီသည့် ပြည်ထောင်စုသမ္မတ နိုင်ငံတော်ကြီးကို တည်ထောင်ပြီ။ ငါတို့ လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီး၏ သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင် တည်မည်”** လို့ ဖော်ပြထားပါတယ်။ လွတ်လပ်ရေးရဲ့ အနှစ်သာရတွေမှာဆိုရင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေ ပါပါတယ်။ လွတ်လပ်ရေးရပြီးလို့ ၇၆ နှစ်အကြာမှာ လွတ်လပ်ရေးယူခဲ့တဲ့ ရည်ရွယ်ချက် ဘယ်လောက်ပြည့်စုံပြီလဲ၊ လွတ်လပ်ရေးရဲ့အနှစ်သာရတွေကို နိုင်ငံသားအပေါင်း ဘယ်လောက်ခံစားနေရပြီလဲ ဆိုတာတွေကို အစွဲကင်းကင်းနဲ့ ဆန်းစစ်ကြည့်ရင်တွေ့ရမှာ ဖြစ်ပါတယ်။

## ၇၆ နှစ်ကြာသည့်တိုင်

အထက်မှာဆိုခဲ့သလို လွန်ခဲ့တဲ့ ၇၆ နှစ်က လွတ်လပ်ရေးကြီးကို ရခဲ့ပေမယ့် နိုင်ငံကတော့ ပဋိပက္ခတွေ၊ သွေးကွဲမှုတွေ၊ အာဃာတတွေနဲ့ သံသရာလည်နေဆဲ ဖြစ်ပါတယ်။ လွတ်လပ်ရေးရဲ့ အဓိက ရည်ရွယ်ချက်ရောက်ဖို့ ကြိုးစားရဦးမှာပါ။ တိုင်းရင်းသား အချင်းချင်း အကြား သံသယတွေ၊ မယုံကြည်မှုတွေကြောင့် စည်းလုံးညီညွတ်မှု တည်ဆောက်ဖို့ ခက်ခဲနေပါတယ်။ တကယ်လိုအပ်နေတဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စည်းလုံးဖို့ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်နေပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက ကြိုးပမ်းလာခဲ့တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ ဝိဝါဒကွဲပြားမှုတွေကြားမှာ နစ်မြုပ်နေပါတယ်။

**တည်ရှိနေဆဲ ပဋိပက္ခတွေကို ချဉ်းကပ်ဖြေရှင်းရာမှာလည်း ကမ္ဘာမှာ ခေတ်တွေ၊ စနစ်တွေ၊ အယူအဆတွေ ပြောင်းလဲနေပေမယ့် မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုကတော့ မပြောင်းလဲသေးပါဘူး။ ဖြူရင်ဖြူ၊ မဖြူရင် မည်းရမယ်ဆိုတဲ့ သဘောထားတွေနဲ့ အယူအဆတွေကို စွဲကိုင်ထားကြဆဲပါ။ ဒါကြောင့်လည်း ပဋိပက္ခဖြေရှင်းမှုဟာ နှစ်တွေသာ ကြာနေပေမယ့် နိုင်ငံအတွက် တကယ်လိုအပ်နေတဲ့အဖြေရောက်ဖို့ အခက်အခဲတွေ ရှိနေပါသေးတယ်။ နိုင်ငံနဲ့ ပြည်သူအတွက် အဖြေမထွက်ပေမယ့် ဒီအပေါ်မှာ အသုံးချ၊ အမြတ်ထုတ်နေသူတွေရှိနေခြင်းဟာလည်း ပြဿနာတွေဖြေရှင်းရာမှာ ပိုပြီးခက်ခဲစေလျက်ရှိတာကို တွေ့ရပါတယ်။**

၇၆ နှစ်အတွင်းမှာ နိုင်ငံရေးပြဿနာတွေ ပြေလည်ဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ကြပါတယ်။ နိုင်ငံရေးမပြေလည်တာတွေကို နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းဖို့ အခွင့်အလမ်းတွေလည်း ရခဲ့ပါတယ်။ ဒါပေမယ့် တစ်ဖက်သတ်ဆန်တဲ့ သဘောထား၊ အယူအဆနဲ့ လိုလားချက်တွေကြောင့် ထိရောက်တဲ့ရလဒ်ဖြစ်ဖို့နဲ့ ရေရှည်ခိုင်မြဲဖို့အတွက် အခက်အခဲတွေဖြစ်စေတာ တွေ့ရပါတယ်။ ဒါကြောင့် လက်ရှိ ပစ္စက္ခအခြေအနေတွေဟာ တကယ်သွားမယ့် ရည်မှန်းချက်နဲ့ နှိုင်းစာရင် ရှန်းကန်နေရတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။

## နှိုင်းယှဉ်ကြည့်လျှင်

အခုဆို မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း ၇၆ နှစ်ရှိပါပြီ။ နှစ်တွေမနည်းတော့ပါဘူး။ ၇၆ နှစ်ဆိုတာ နိုင်ငံတစ်နိုင်ငံကို ကမ္ဘာ့အဆင့်အတန်းမီ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ဖို့ လုံလောက်တဲ့အချိန်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ အချိန်သိပ်မကွာဘဲ လွတ်လပ်ရေးရခဲ့တဲ့ နိုင်ငံတွေ၊ မြန်မာနိုင်ငံနောက်မှ လွတ်လပ်ရေးရခဲ့တဲ့ နိုင်ငံတွေ၊ ဒုတိယကမ္ဘာစစ်ကြောင့် ပြာပုံဘဝရောက်ခဲ့တဲ့နိုင်ငံတွေဟာ အခုဆို မြန်မာနိုင်ငံရဲ့ရှေ့ကို ရောက်နေကြပါပြီ။ ကမ္ဘာ့နိုင်ငံတွေနဲ့ ပခုံးချင်းယှဉ်ပြီး တိုးတက်နေကြပါပြီ။ (၂၁) ရာစုမှ လွတ်လပ်ရေးရခဲ့တဲ့ နိုင်ငံတောင် မြန်မာနိုင်ငံနဲ့ တန်းတူဖြစ်နေပါတယ်။ ယခင်က မြန်မာနိုင်ငံကို အတုယူခဲ့ကြတဲ့ နိုင်ငံတွေက အခုဆို မြန်မာနိုင်ငံထက် အဆပေါင်းများစွာ တိုးတက်နေကြပါတယ်။

မြန်မာနိုင်ငံလိုပဲ ၁၉၄၇ ခုနှစ်မှာ လွတ်လပ်ရေးရခဲ့တဲ့ အိန္ဒိယနိုင်ငံဟာ နှစ်ပေါင်း ၃၀၀ ကျော် နယ်ချဲ့တွေရဲ့ သိမ်းပိုက်အုပ်ချုပ်တာကို ခံခဲ့ရတဲ့ နိုင်ငံပါ။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ အင်္ဂလိပ်တို့ဆီကနေ လွတ်လပ်ရေးရခဲ့ပါတယ်။ နယ်ချဲ့တွေရဲ့ အုပ်ချုပ်မှုအောက်မှာ အိန္ဒိယပြည်သူအားလုံး ဒုက္ခမျိုးစုံကို ခါးစည်းခံခဲ့ရပါတယ်။ နယ်ချဲ့တွေ သွေးခွဲအုပ်ချုပ်ခဲ့လို့ လွတ်လပ်ရေး ရပြန်တော့လည်း အိန္ဒိယနဲ့ ပါကစ္စတန်နိုင်ငံ ကွဲခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ မတူကွဲပြားမှုတွေက မြန်မာနိုင်ငံထက် ပိုများပါတယ်။ ဒါပေမယ့် အိန္ဒိယနိုင်ငံဟာ လွတ်လပ်ရေးရပြီး ယနေ့အချိန်မှာတော့ ကမ္ဘာမှာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အင်အားကြီးတဲ့ ဒီမိုကရေစီနိုင်ငံ ဖြစ်နေပါပြီ။

ဒါ့အပြင် ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှာ လွတ်လပ်ရေးရခဲ့တဲ့ စင်ကာပူနိုင်ငံဆိုရင် ကမ္ဘာ့ထိပ်တန်းတိုးတက်တဲ့ နိုင်ငံဖြစ်ပါတယ်။ စင်ကာပူနိုင်ငံဟာ နိုင်ငံအရွယ်အစားက သေးပါတယ်။ နိုင်ငံနဲ့မြို့တော် တစ်ခုတည်းပါ။ နိုင်ငံရဲ့ စီးပွားရေးအလွန်ဖွံ့ဖြိုးတိုးတက်ပါတယ်။ ကမ္ဘာပေါ်မှာ ပွင့်လင်းမြင်သာမှုအရှိဆုံး၊ အဂတိလိုက်စားမှုအနည်းဆုံးနဲ့ စီးပွားရေးလုပ်ကိုင်လို့ အကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်နေပါတယ်။ စင်ကာပူနိုင်ငံဟာ မြန်မာနိုင်ငံထက် လွတ်လပ်ရေးရတာ နောက်ကျတယ်၊ နိုင်ငံသေးငယ်တယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၅၈ နှစ်အကြာမှာ ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ခဲ့ပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ အိန္ဒိယနဲ့ စင်ကာပူနိုင်ငံတို့ဟာ နိုင်ငံအရွယ်အစား၊ လူဦးရေ၊ လူမျိုး ကွဲပြား၊ နိုင်ငံရဲ့အခြေအနေ စတာတွေ မတူညီကြပါဘူး။ ဒါပေမယ့် သူတို့ဟာ ကိုယ့်ရဲ့အခြေအနေနဲ့ လိုက်လျောညီထွေစွာ နိုင်ငံကို ကမ္ဘာ့အဆင့်ဖြစ်အောင် တည်ဆောက်နိုင်ခဲ့ကြပါတယ်။ ကိုယ့်နိုင်ငံရဲ့ ဦးတည်ချက်အတိုင်း အကောင်အထည်ဖော်ခဲ့ကြပါတယ်။ နိုင်ငံအတွင်းဖြစ်နေတဲ့ ပြဿနာတွေကို အပြုသဘောနဲ့ ဝိုင်းဝန်းဖြေရှင်းခဲ့ကြပါတယ်။ အခုလို အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ဖော်ပြရတာ အခြားသူတွေကို အထင်ကြီးလို့၊ ကိုယ့်နိုင်ငံကို အထင်သေးလို့ မဟုတ်ပါဘူး။ သူတို့တောင် ဒီလောက်တိုးတက်အောင်လုပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံက ဘာကြောင့် နောက်ကျကျန်ခဲ့ရတာလဲဆိုတဲ့ သင်ခန်းစာယူ အဖြေထုတ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

## အရှိအတိုင်းသုံးသပ်ဖို့လို

သူများနိုင်ငံတွေနဲ့ နှိုင်းယှဉ်သုံးသပ်လို့ပဲဖြစ်ဖြစ်၊ ကိုယ့်ပြည်တွင်းက အခြေအနေတွေကို သုံးသပ်လို့ပဲဖြစ်ဖြစ် ရှုမြင်သုံးသပ်ရာမှာ ပကတိအရှိတရားကို သိမြင်နိုင်ဖို့နဲ့ နားလည်လက်ခံဖို့ အရေးကြီးပါတယ်။ အထင်ကြီးလွန်းခြင်း၊ အထင်သေးလွန်းခြင်း၊ အဆိုးမြင်၊ အကောင်းမြင်၊ ဘက်လိုက်တဲ့အစွဲ၊ အာဃာတ၊ အတ္တ စတဲ့ အစွဲတွေသန္တာန်တွေ မှုမှန်ဖို့ လိုပါတယ်။ 

စာမျက်နှာ ၁၁ သို့

**❍ သူများနိုင်ငံတွေနဲ့ နှိုင်းယှဉ်သုံးသပ်လို့ပဲဖြစ်ဖြစ်၊ ကိုယ့်ပြည်တွင်းကအခြေအနေတွေကို သုံးသပ်လို့ပဲဖြစ်ဖြစ် ရှုမြင်သုံးသပ်ရာမှာ ပကတိအရှိတရားကို သိမြင်နိုင်ဖို့နဲ့ နားလည်လက်ခံဖို့ အရေးကြီးပါတယ်။ အထင်ကြီးလွန်းခြင်း၊ အထင်သေးလွန်းခြင်း၊ အဆိုးမြင်၊ အကောင်းမြင်၊ ဘက်လိုက်တဲ့အစွဲ၊ အာဃာတ၊ အတ္တ စတဲ့ အစွဲတွေသန္တာန်တွေ မှုမှန်ဖို့ လိုပါတယ်။ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ ပဋိပက္ခဇာစ်မြစ်တွေ၊ နိုင်ငံရဲ့ ပကတိ ပစ္စက္ခအခြေအနေ၊ နိုင်ငံရေးယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့အကျိုးစီးပွား၊ ပါဝင်ပတ်သက်သူတွေအားလုံးရဲ့ အကျိုးစီးပွားတွေကို အစွဲကင်းကင်း စိတ်ရင်းမှန်မှန်ကန်ကန်နဲ့ ထည့်သွင်းသုံးသပ်ကြရမှာပါ။ ဒါမှသာ သုံးသပ်ချက်မှန်ပြီး ဆုံးဖြတ်ချက်မှန်မှာပါ။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ လွတ်တော့လွတ်လပ်ပါရဲ့၊ မစည်းလုံးဘူး၊ မငြိမ်းချမ်းဘူး၊ မတိုးတက်ဘူး။ လွတ်လပ်ရေးကို ရခဲ့တာကြာပြီဖြစ်ပေမယ့် လွတ်လပ်ရေးရဲ့ အဓိပ္ပာယ်၊ အနှစ်သာရ၊ တန်ဖိုးနဲ့ ရည်ရွယ်ချက်ဆိုတာကို အခုအချိန်အထိ အဖြေရှာနေရဆဲပါပဲ**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသား အမျိုးသမီး မီနီမာရသွန်အပြေးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဒီဇင်ဘာအားကစားလှုပ်ရှားမှုနှင့် အမျိုးသား အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသည်။

ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သေနတ်ပစ်ဖောက် တာလွှတ်ပေးကာ ပြိုင်ပွဲဝင်များက သတ်မှတ်နေရာအသီးသီးမှ ပါဝင်ယှဉ်ပြိုင်ကြသည်။ အသက် ၁၂ နှစ်အောက် ပြိုင်ပွဲအတွက် ပြေးလမ်းကို လေးထောင့်ကန်လမ်းမှ ပြည်သာယာလမ်းအထိ အသွား/အပြန်၊ အသက် ၁၈ နှစ်အောက် ပြိုင်ပွဲဝင်များအတွက် လေးထောင့်ကန်လမ်း - ပြည်သာယာလမ်း -ရတနာလမ်း -မေတ္တာလမ်း -သစ္စာလမ်း-ပါရမီလမ်းအထိ အသွားအပြန်၊ အသက် ၁၈ နှစ်အထက် ပြိုင်ပွဲဝင်များအတွက် လေးထောင့်ကန်လမ်းမှ ဥတ္တရသီရိပန်းခြံ (မြောက်ဥက္ကလာပအဝိုင်းပန်းခြံ)အထိ အသွား/အပြန် သတ်မှတ်ယှဉ်ပြိုင်ခဲ့ကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၏ မိဘဆွေမျိုးများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ အပြေးပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက် ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၁၁၀၀ ကျော်၊ အသက် ၁၈ နှစ်အောက်နှင့် ၁၈ နှစ်အထက် ပြိုင်ပွဲနှစ်ခုတွင် ပြိုင်ပွဲဝင် ၂၈၄၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



အသက် ၁၂ နှစ်အောက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် အားပေးနေစဉ်။

---

*စာမျက်နှာ ၁၀ မှ*

**ဒီကနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ ပဋိပက္ခ ဇာစ်မြစ်တွေ၊ နိုင်ငံရဲ့ ပကတိ ပစ္စက္ခအခြေအနေ၊ နိုင်ငံရေးယဉ်ကျေးမှု၊ ပတ်ဝန်းကျင် နိုင်ငံတွေရဲ့ အကျိုးစီးပွား၊ ပါဝင်ပတ်သက်သူတွေ အားလုံးရဲ့ အကျိုးစီးပွားတွေကို အစွဲကင်းကင်း စိတ်ရင်းမှန်မှန် ကန်ကန်နဲ့ ထည့်သွင်းသုံးသပ်ကြရမှာပါ။ ဒါမှသာ သုံးသပ်ချက်မှန်ပြီး ဆုံးဖြတ်ချက်မှန်မှာပါ။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ လွတ်တော့ လွတ်လပ်ပါရဲ့၊ မစည်းလုံးဘူး၊ မငြိမ်းချမ်းဘူး၊ မတိုးတက်ဘူး။ လွတ်လပ်ရေးကို ရခဲ့တာကြာပြီဖြစ်ပေမယ့် လွတ်လပ်ရေးရဲ့ အဓိပ္ပာယ်၊ အနှစ်သာရ၊ တန်ဖိုးနဲ့ ရည်ရွယ်ချက်ဆိုတာကို အခုအချိန်အထိ အဖြေရှာနေရဆဲပါပဲ။**

ဒီဟာတွေကို လက်မခံချင်ပေမယ့် တကယ့်အရှိတရားဖြစ်လို့ လက်ခံကြရမှာပါ။ အဲဒီလိုဖြစ်နေတာ ၇၆ နှစ်ကြာခဲ့ပါပြီ။ ၇၆ နှစ်အတွင်းမှာ ကောင်းလိုက်၊ မကောင်းလိုက်နဲ့ သံသရာလည်နေပါတယ်။ အားလုံးကို မကောင်းဘူးလို့ မဆိုလိုပါဘူး။ ကောင်းခဲ့တာတွေက ဘယ်ဟာတွေလဲ၊ မကောင်းခဲ့တာတွေက ဘယ်ဟာတွေလဲ ပိုင်းခြားသုံးသပ်ကြရမှာပါ။ ဒါပေမယ့်လည်း ပြဿနာတွေရဲ့ အရင်းခံအကြောင်းတရားတွေကို ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားသုံးသပ်ဖြေရှင်းဖို့ထက် ကိုယ်ဖြစ်ချင်တဲ့၊ ကိုယ်လိုချင်တဲ့ အပိုင်းလေးတွေကိုပဲ အစွဲကြီးကြီးနဲ့ တစ်ဖက်သတ်စွဲကိုင်ထားကြတဲ့အတွက် ပဋိပက္ခနဲ့ အဖြေဟာ နီးလျက်နဲ့ဝေးနေပါတယ်။

ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်နေတဲ့အခြေအနေတွေဟာ လွတ်လပ်ရေးယူခဲ့တဲ့ ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီး ကွဲလွဲနေတုန်းပဲလို့ဆိုရင် လွန်မယ်မထင်ပါဘူး။ မြန်မာနိုင်ငံကို သူတစ်ပါး လက်အောက်က လွတ်မြောက်အောင် ကြိုးပမ်းခဲ့တာဟာ အချင်းချင်း လွတ်လွတ်လပ်လပ် တိုက်ခိုက်ကြဖို့၊ ရန်ငြိုးထားဖို့၊ သွေးကွဲကြဖို့နဲ့ သူများနဲ့ ယှဉ်ရင် နောက်ဆုံးရောက်နေဖို့ မဟုတ်ပါဘူး။ ယခင်က နယ်ချဲ့တွေ သွေးခွဲအုပ်ချုပ်ခဲ့လို့ သွေးကွဲခဲ့ကြတယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီးလို့ နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ တိုင်းရင်းသားအချင်းချင်းကြား သွေးကွဲလို့ ကောင်းနေတုန်းပါပဲ။ သင်ခန်းစာမယူနိုင်သေးပါဘူး။ နယ်ချဲ့တို့ သွေးခွဲအုပ်ချုပ်ခဲ့လို့ စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့တာကို မကောင်းမှန်း၊ မဖြစ်သင့်မှန်းသိကြပါတယ်။ မကောင်းမှန်း၊ မဖြစ်သင့်မှန်းသိပေမယ့် အဲဒီအမှားတွေကို ပြင်ဖို့ထက် ကိုယ်တိုင်က အတိတ်ကို ယိုးမယ်ဖွဲ့၊ အချင်းချင်းလက်ညှိုးထိုးပြီး ယခင်အမှားတွေအတိုင်းပဲ ဆက်မှားနေကြပါတယ်။ ဖြစ်လာတဲ့ အကျိုးဆက်ကတော့ နိုင်ငံအတွက် လိုအပ်နေတဲ့ အဖြေနဲ့ ဝေးလာပြီး ဒုက္ခတွေ၊ သောကတွေ အတောမသတ်နိုင်ခြင်းနဲ့ သူများတွေထက် အစစအရာရာ နောက်ကျလာခြင်းပါပဲ။

> ❖ **မြန်မာ့နိုင်ငံရေးဝိဝါဒတွေ ဖြေရှင်းဖို့နဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ဖို့ ပြောခဲ့ကြတာ လွတ်လပ်ရေးရတဲ့ အချိန်ကတည်းကပါ။ ပြောသာပြောနေကြပေမယ့် နိုင်ငံအရွေ့ကတော့ ခရီးမပေါက်သေးပါဘူး။ အခုလို ဆိုရတာက အပျက်မြင်တဲ့သဘော မဟုတ်ပါဘူး။ နိုင်ငံမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေ ကျယ်ပြန့်လာခြင်းနဲ့ အခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် နောက်ကျကျန်ခဲ့တာတွေက မျက်မြင်ပဲဖြစ်ပါတယ်။ ဒီဟာတွေအတွက် ဝိုင်းဝန်းအဖြေရှာဖို့ လိုနေပါတယ်။ အစဉ်အဆက် စွဲကိုင်လာခဲ့တဲ့ လက်ညှိုးထိုးနိုင်ငံရေး၊ အာဃာတနိုင်ငံရေးတွေနဲ့ အဖြေမရခဲ့ပါဘူး။ အကျိုးဆက်အနေနဲ့ နိုင်ငံကို ဒုက္ခတွင်းထဲ နက်သထက်နက်စေခဲ့ပါတယ်။ ပိုပြီး နက်ရှိုင်းလာတဲ့ မြန်မာ့ပြည်တွင်းရေး ပဋိပက္ခတွေဟာ အခုဆို ဝင်ရောက်အမြတ်ထုတ်လိုတဲ့ အခြားနိုင်ငံတွေအတွက် အခွင့်ကောင်း ဖြစ်နေပါတယ်။ ဒီအခွင့်ကောင်းတွေကို အသုံးချနေကြတဲ့အတွက် နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိပါးလာနေပါပြီ**

### အယူအဆဟောင်းများ

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုး တစ်ရာကျော်နဲ့ စုစည်းနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံပါ။ တိုင်းရင်းသားတွေများတဲ့ အတွက် မတူညီ ကွဲပြားတာတွေ အများကြီးပါ။ အဲဒီလို မတူကွဲပြားတာတွေက ဒီကနေ့ဖြစ်နေတဲ့ ပြဿနာရဲ့ ဇာစ်မြစ် မဟုတ်ပါဘူး။ ပြဿနာရဲ့ ဇာစ်မြစ်က မတူကွဲပြားတာကို လက်မခံခြင်းနဲ့ ငါကိုဗဟိုပြုထားခြင်းပဲ ဖြစ်ပါတယ်။ မြန်မာ့သမိုင်းတစ်လျှောက်မှာ ကျင့်သုံးလာခဲ့တဲ့ ငါနဲ့မတူ ငါ့ရန်သူ၊ ငါနဲ့မတူသူကို အမြစ်ပြတ်ဖယ်ရှားရမယ်ဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှု အယူအဆဟောင်းဟာ မြန်မာနိုင်ငံမှာ အမွေဆိုးတစ်ခုလို ခိုင်ခိုင်မာမာ အမြစ်စွဲနေပါတယ်။ မစွန့်လွှတ်နိုင်ကြသေးပါဘူး။ အဲဒီ အစွန်းရောက် သဘောထားကြောင့် နိုင်ငံရဲ့ရှိပြီးသား ပဋိပက္ခတွေကို ပိုပြီး ကျယ်ပြန့်လာစေတဲ့အပြင် ပဋိပက္ခအသစ်တွေကို ဖန်တီးပေးနေပါတယ်။

ဒီကနေ့ဖြစ်နေတဲ့ ဝိဝါဒကွဲပြားတာကို တစ်ဖက်နဲ့တစ်ဖက် အပြုသဘော မမြင်နိုင်ဘဲ အစွန်းရောက်အမြင်နဲ့ ကြည့်နေ၊ သဘောထားနေသမျှ ငြိမ်းချမ်းစွာ ပြဿနာဖြေရှင်းခြင်းဆိုတဲ့ နည်းလမ်းဆီ မရောက်နိုင်ပါဘူး။ ထိပ်တိုက်ရင်ဆိုင်မှုနဲ့ တိုက်ခိုက်တာတွေပဲ ဖြစ်ပြီးရင်း ဖြစ်နေမှာပါ။ ငါနဲ့မတူ ငါ့ရန်သူလို့ သဘောထားကြတဲ့အတွက် စည်းလုံးမှု၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆိုတာလည်း ရေရှည်တည်ဆောက်ဖို့ ခက်ခဲပါတယ်။

"ငါ" ကို မဏ္ဍိုင်ပြုတဲ့ အယူအဆဟာ မတူကွဲပြားမှုတွေနဲ့အတူ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရာမှာ အထောက်အကူမပြုပါဘူး။ မတူကွဲပြားမှုတွေနဲ့ ငြိမ်းချမ်းစွာ ရေရှည်ယှဉ်တွဲနေထိုင်ဖို့အတွက် သူ့ဆန္ဒ၊ ကိုယ့်ဆန္ဒ ညှိနှိုင်းပေါင်းစပ်နေကြရပါတယ်။ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှု အယူအဆဟောင်းကတော့ ရှိရင်းစွဲ ပဋိပက္ခနဲ့ သဘောထားမတိုက်ဆိုင်တာတွေကို ညှိနှိုင်းအဖြေရှာဖို့ထက် ကိုယ့်ရဲ့ဆန္ဒနဲ့ အတ္တတွေအတွက် ထိပ်တိုက်ရင်ဆိုင်ကြပါတယ်။ ဒါကြောင့်လည်း လွတ်လပ်ရေးရပြီး ၇၆ နှစ်ကြာတဲ့အထိ အတ္တယှဉ်ပြိုင်မှုတွေကြားထဲမှာ လွတ်လပ်ရေးရဲ့ အနှစ်သာရနဲ့ နိုင်ငံရဲ့ ရည်ရွယ်ချက် ပျောက်ဆုံးနေပါတယ်။

### အမှားအမှန် အဖြေရှာနေခြင်းမဟုတ်

လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတည်ဆောက်ရေးနဲ့ ပတ်သက်လို့ တိုင်းရင်းသား ညီအစ်ကိုတွေအကြား မတူညီတဲ့အမြင်၊ သဘောထား၊ အယူအဆအမျိုးမျိုးကို ကိုင်စွဲပြောနေကြတာတွေ ရှိပါတယ်။ ဒါဟာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာပဲ ဖြစ်နေတာ မဟုတ်ပါဘူး။ နိုင်ငံတိုင်းမှာ ဖြစ်လေ့ရှိတတ်တဲ့ သဘာဝတစ်ခုဖြစ်ပါတယ်။ တစ်ဦးနဲ့ တစ်ဦး အမြင်သဘောထားတွေ ကွဲပြားကြတဲ့အခါ သူနိုင် ကိုယ်နိုင် အကောင်းဆုံး အဖြေရဖို့ မတူကွဲပြားမှုတွေကို အကောင်းဆုံး စီမံခန့်ခွဲကြရပါတယ်။

လူတိုင်းကတော့ ကိုယ့်အယူအဆသာ အမှန်ဆုံးလို့ ထင်ကြမှာပါပဲ။ သူ့ရဲ့ အယူအဆ၊ သဘောထားဟာ သူ့တစ်ကိုယ်စာအတွက် မှန်ကောင်းမှန်ပါလိမ့်မယ်။ ဒါပေမယ့် ဖက်ဒရယ်စနစ်လို မတူကွဲပြားမှုတွေ စုစည်းဖို့ဆိုရင် ကိုယ့်တစ်ကိုယ်စာ မှန်ကန်နေရုံနဲ့ မရပါဘူး။ အခြားသူတွေနဲ့ ပေါင်းစပ်နိုင်ဖို့ လိုပါတယ်။ အားလုံးလက်ခံနိုင်တဲ့ အဖြေထုတ်ကြဖို့လိုပါတယ်။ ဒါပေမယ့် ကိုယ့်အယူအဆသာ အမှန်ဆုံးလို့ထင်မြင်လာတဲ့အခါ အခြားသူတွေရဲ့ အမြင်သဘောထား၊ ခံယူချက်၊ ခံစားချက်တွေအပေါ် အလေးမထားကြတော့ပါဘူး။ အဲဒီလို အလေးမထားခြင်းဟာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အကြီးမားဆုံး အဟန့်အတားဖြစ်ပါတယ်။

ဒါကြောင့် မတူညီတာတွေကို ပူးပေါင်းနိုင်ဖို့အတွက် အပြန်အလှန် အပေးအယူ ညှိနှိုင်းကြရပါတယ်။ ဒါမှ ဘုံရည်မှန်းချက်အတွက် သဘောတူညီမှုတွေရှာဖွေနိုင်မှာပါ။ မြန်မာ့နိုင်ငံရေး သဘောထားကွဲလွဲမှုတွေ ဖြေရှင်းရာမှာလည်း ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းဖို့ လိုအပ်နေပါတယ်။ ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းခြင်းဟာ တစ်ဖက်နဲ့တစ်ဖက် ဘယ်သူမှန်တယ်၊ ဘယ်သူ မှားတယ်ဆိုတဲ့ အဖြေကို ဆုံးဖြတ်တာ မဟုတ်ပါဘူး။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ရဲ့ အမှား၊ အမှန်ဆိုတာထက် နိုင်ငံရဲ့ဦးတည်ချက်အတွက် ညှိနှိုင်းအဖြေရှာကြဖို့ ဖြစ်ပါတယ်။ ဘုံသဘောတူညီချက်ရဖို့ထက် ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတဲ့ အဖြေရဖို့ အပြိုင်ကြိုးစားနေကြရင် မြန်မာ့နိုင်ငံရေး ပဋိပက္ခတွေက ကြာရှည်နေပါလိမ့်ဦးမယ်။

### လွတ်လပ်ရေးကို ထိပါးနေ

မြန်မာ့နိုင်ငံရေးဝိဝါဒတွေ ဖြေရှင်းဖို့နဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ဖို့ ပြောခဲ့ကြတာ လွတ်လပ်ရေးရတဲ့ အချိန်ကတည်းကပါ။ ပြောသာပြောနေကြပေမယ့် နိုင်ငံအရွေ့ကတော့ ခရီးမပေါက်သေးပါဘူး။ အခုလို ဆိုရတာက အပျက်မြင်တဲ့သဘော မဟုတ်ပါဘူး။ နိုင်ငံမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေ ကျယ်ပြန့်လာခြင်းနဲ့ အခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် နောက်ကျကျန်ခဲ့တာတွေက မျက်မြင်ပဲဖြစ်ပါတယ်။ ဒီဟာတွေအတွက် ဝိုင်းဝန်းအဖြေရှာဖို့ လိုနေပါတယ်။ အစဉ်အဆက် စွဲကိုင်လာခဲ့တဲ့ လက်ညှိုးထိုးနိုင်ငံရေး၊ အာဃာတနိုင်ငံရေးတွေနဲ့ အဖြေမရခဲ့ပါဘူး။ အကျိုးဆက်အနေနဲ့ နိုင်ငံကို ဒုက္ခတွင်းထဲ နက်သထက်နက်စေခဲ့ပါတယ်။ ပိုပြီး နက်ရှိုင်းလာတဲ့ မြန်မာ့ပြည်တွင်းရေး ပဋိပက္ခတွေဟာ အခုဆို ဝင်ရောက်အမြတ်ထုတ်လိုတဲ့ အခြားနိုင်ငံတွေအတွက် အခွင့်ကောင်း ဖြစ်နေပါတယ်။ ဒီအခွင့်ကောင်းတွေကို အသုံးချနေကြတဲ့အတွက် နိုင်ငံရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိပါးလာနေပါပြီ။

ဒါဟာ လွတ်လပ်ရေးရယူခဲ့တဲ့ ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ လွတ်လပ်ရေးဆိုတာ သူတစ်ပါးလက်အောက်က လွတ်မြောက်ရုံနဲ့ အဓိပ္ပာယ်မပြည့်စုံပါဘူး။ လွတ်လပ်ရေးရဲ့ အနှစ်သာရတွေရဖို့ ကြိုးစားကြရဦးမှာပါ။ ဒီလိုအချိန်မှာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် ယိုးမယ်ဖွဲ့အပြစ်တင်နေရုံနဲ့ ပဋိပက္ခတွေ မပြေလည်နိုင်ပါဘူး။ နိုင်ငံကို မတည်ဆောက်နိုင်ပါဘူး။ ဖြစ်နေတဲ့ သဘောထားကွဲပြားတာတွေကို အချင်းချင်း ထိပ်တိုက်ရင်ဆိုင်မယ့်အစား နိုင်ငံအတွက် ညှိနှိုင်းဖြေရှင်းမှုသာ နိုင်ငံအတွက် လိုအပ်နေတဲ့ အဖြေကို ရမှာပါ။ ။

# လွှတ်တော်ကိုယ်စားလှယ်များ လျှောက်လှမ်းရမည့် နိုင်ငံရေးခရီး

*မောင်ရွှေရိုး*

*(ယမန်နေ့မှအဆက်)*

ကမ္ဘောဒီးယားနိုင်ငံတွင် အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော် (National Assembly) နှင့် အထက်လွှတ်တော် (Senate) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါသည်။ အောက်လွှတ်တော်တွင် ဥပဒေများပြင်ဆင်ချမှတ်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် အခွန်အခများ၊ အုပ်ချုပ်ရေးဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ ညီလာခံများကို အတည်ပြုခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်သည်။ ၁၉၉၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၇)၊ ပုဒ်မ ၇၆ အရ အမျိုးသားလွှတ်တော်(National Assembly)၏ ကိုယ်စားလှယ်အရည်အချင်းသတ်မှတ်ချက်မှာ ကမ္ဘောဒီးယားနိုင်ငံတွင် မွေးဖွားသော ခမာလူမျိုးများဖြစ်၍ အနည်းဆုံး အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်။ Communes နှင့် Sangkats အုပ်ချုပ်ရေးနယ်မြေများအတွက် ကျား၊ မ မရွေး ကမ္ဘောဒီးယားနိုင်ငံသားဖြစ်၍ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အမည်စာရင်းပါဝင်ရမည်။ မဲပေးချိန်မတိုင်မီ အသက် ၂၅ နှစ်ပြည့်ပြီးသူများ ဖြစ်ရမည်။

ဂျပန်နိုင်ငံတွင် ဒိုင်းယက်လွှတ်တော် (Diet) သည် အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းဖြစ်သည်။ ဒိုင်းယက်လွှတ်တော်တွင် အောက်လွှတ်တော်(Shugi–in) နှင့် အထက်လွှတ်တော် (Sangi– In) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါသည်။ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၄)၊ ပုဒ်မ ၄၄ အရ လွှတ်တော်နှစ်ရပ်စလုံးတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ၏ အရည်အချင်းကို ဥပဒေအရ သတ်မှတ်ထားသည်။ အောက်လွှတ်တော်နှင့် ဒေသန္တရလွှတ်တော်များတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအတွက် အသက်ကန့်သတ်ချက်မှာ ၂၅ နှစ်ဖြစ်ပြီး အထက်လွှတ်တော်နှင့် စီရင်စုမြို့တော်ဝန်များ၏ အသက်ကန့်သတ်ချက်မှာ ၄၀ နှစ် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ဂျပန်ယန်း သုံးသန်းပေးသွင်းရပြီး PR စနစ်အတွက် ဂျပန်ယန်း ခြောက်သန်း တင်သွင်းရပါသည်။

အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်တွင် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House Of Representatives)ဟူ၍ လွှတ်တော်နှစ်ရပ် ရှိပါသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲကို နှစ်နှစ်တစ်ကြိမ်ပြုလုပ်၍ ကိုယ်စားလှယ်သုံးပုံတစ်ပုံရွေးချယ်သောစနစ်ကို ကျင့်သုံးပါသည်။ အမေရိကန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၁) ပုဒ်မ (၃) အရ အထက်လွှတ်တော် (Senate) ၏ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်မှာ အသက် ၃၀ နှစ်ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပချိန်တွင် အမေရိကန်နိုင်ငံသားအဖြစ် အမေရိကန်နိုင်ငံတွင် ကိုးနှစ်ကြာနေထိုင်သူဖြစ်ရမည့်အပြင် ရွေးကောက်တင်မြှောက်မည့် နယ်မြေတွင်လည်း အမှန်တကယ်နေထိုင်သူဖြစ်ရမည်။ အောက်လွှတ်တော် (House Of Representatives) ၏ ကိုယ်စားလှယ် အရည်အချင်းသတ်မှတ်ချက်မှာ အသက် ၂၅ နှစ်ပြည့်ပြီးသူ၊ အမေရိကန်နိုင်ငံတွင် အမေရိကန်နိုင်ငံသားအဖြစ် ခုနစ်နှစ်ကြာ နေထိုင်သူဖြစ်ရမည်။

ရုရှားနိုင်ငံ၏ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်များမှာ ရုရှားနိုင်ငံ၏ ဖက်ဒရယ်လွှတ်တော် (Federal Assembly) တွင် အထက်လွှတ်တော် ဖက်ဒရယ်ကောင်စီ (Federal Council) နှင့် အောက်လွှတ်တော် (State Duma) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါသည်။ အထက်လွှတ်တော် ဖက်ဒရယ်ကောင်စီအား တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းမပြုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရုရှားနိုင်ငံ ဖက်ဒရယ်ပြည်နယ် ၈၅ ခုမှ ခန့်အပ်တာဝန်ပေးရွေးချယ်သည့် အစိုးရအဖွဲ့ဝင်တစ်ဦးနှင့် ဥပဒေပြုအဖွဲ့ဝင်တစ်ဦးတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အောက်လွှတ်တော် (State Duma) ၏ ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက်များမှာ အသက် ၂၁ နှစ်ပြည့်ပြီး ရုရှားနိုင်ငံသား ဖြစ်ရမည်။ လူတစ်ဦးတည်းသည် ဖက်ဒရယ်ကောင်စီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်လည်းကောင်း တစ်ပြိုင်နက်တည်းမဖြစ်ရ။ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အခြားအစိုးရအဖွဲ့အစည်းများနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်မဖြစ်ရ။

တောင်ကိုရီးယားနိုင်ငံတွင် အမျိုးသားလွှတ်တော် (National Assembly) ဟုခေါ်သည့် လွှတ်တော်တစ်ရပ်သာရှိသည်။ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းသတ်မှတ်ချက်များမှာ အသက် ၂၅ နှစ်ပြည့်သူဖြစ်ပြီး နိုင်ငံအတွင်း ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး ငါးနှစ်ကြာ အခြေချနေထိုင်ခဲ့ဖူးသူ တောင်ကိုရီးယား နိုင်ငံသားများသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ အရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အရည်အချင်းသတ်မှတ်ချက်မှာ အသက် ၂၅ နှစ်ပြည့်ပြီးသူ၊ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတွင် အနည်းဆုံးဆယ်နှစ် အခြေချနေထိုင်ခဲ့သူ၊ **ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ**တို့ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၂ အရ အသက် ၃၀ နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။

ကမ္ဘာ့နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်းကို သတ်မှတ်ခဲ့ရာ ဘွဲ့ရဖြစ်ရန်လိုအပ်သည့် အချို့နိုင်ငံများမှာ ပါကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ ကင်ညာ၊ ဘူတန်၊ အီရန်၊ လစ်ဗျား၊ အိုမန်၊ စိန့်လူစီကာ၊ စင်ကာပူနှင့် ဂမ်ဘီယာနိုင်ငံတို့ဖြစ်ကြောင်း သိရှိရသည်။ အမေရိကန်ပြည်ထောင်စုတွင် အထက်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဘွဲ့ရပညာတတ်များ ဖြစ်ကြပြီး အောက်လွှတ်တော် ၁၉ နေရာတွင်လည်း ဘွဲ့ရရှိထားသူများဖြစ်ကြောင်း သိရှိရပါသည်။ ဗြိတိန်နိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ် ၆၄၉ ဦးနှင့် ဖွဲ့စည်းထားရှိသော အောက်လွှတ်တော်၌ ၈၄ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များသည် ဘွဲ့ရရှိသူများဖြစ်၍ ကျန် ၁၂၆ ဦးသည် ဘွဲ့လွန်ဒီဂရီရရှိထားသူများဖြစ်ကြပါသည်။ အခြားနိုင်ငံများ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေသတ်မှတ်ချက်များမှာ ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ထိုင်းဘတ် ၁၀၀၀၀၊ စင်ကာပူနိုင်ငံတွင် စင်ကာပူဒေါ်လာ ၁၃၅၀၀၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘောဒီးယားရီယယ်သိန်း ၁၅၀၊ မလေးရှားနိုင်ငံတွင် မလေးရှားရင်းဂစ် ၅၀၀၀၊ အိန္ဒိယနိုင်ငံတွင် အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ရူပီး ၂၅၀၀၀၊ ပြည်နယ်လွှတ်တော်အတွက် ရူပီး ၁၀၀၀၀၊ ဂျပန်နိုင်ငံတွင် ယန်းသုံးသန်း၊ ဩစတြေးလျနိုင်ငံတွင် ဒေါ်လာ ၁၀၀၀၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့တွင် ပေါင် ၅၀၀ စီ သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီခေတ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လွှတ်တော်သက်တမ်း နှစ်ခုအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ၃၂၅ ဦးတွင် ဘွဲ့လွန်ရှစ်ဦး၊ ဘွဲ့ရ ၂၅၁ ဦးနှင့် တက္ကသိုလ်ဝင်တန်းအောင် ၃၈ ဦး၊ တက္ကသိုလ်ဝင်တန်းအောက် ၂၈ ဦး၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၅ ဦးတွင် ဘွဲ့လွန်ငါးဦး၊ ဘွဲ့ရ ၂၆၂ ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ၃၆ ဦး၊ တက္ကသိုလ်ဝင်တန်းအောက် ၂၂ ဦး ဖြစ်သည်။ ပထမအကြိမ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦးတွင် ဘွဲ့လွန်သုံးဦး၊ ဘွဲ့ရ ၁၃၂ ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ၁၉ ဦး၊ တက္ကသိုလ်ဝင်တန်းအောက် ၁၄ ဦး၊ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးတွင် ဘွဲ့လွန်တစ်ဦး၊ ဘွဲ့ရ ၁၄၈ ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ၁၂ ဦး၊ တက္ကသိုလ်ဝင်တန်းအောက် ခုနစ်ဦးတို့ဖြစ်သည်။ သို့ဖြစ်၍ **ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ရွေးချယ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များမှာ ဆယ်တန်းမအောင်သူ ၄၂ ဦးနှင့် ဘွဲ့မရသူ ၉၉ ဦး ပါဝင်ခဲ့သည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များမှာ ဆယ်တန်းမအောင်သူ ၂၉ ဦးနှင့် ဘွဲ့မရသူ ၇၇ ဦး ပါဝင်ခဲ့သည်**ကို လေ့လာတွေ့ရှိရပါသည်။ ရွေးကောက်ပွဲ အာမခံငွေသတ်မှတ်ချက်များအနေဖြင့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၃၇ အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေး ကျပ်ငါးသိန်း သတ်မှတ်ထားရှိပြီး ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး ငွေကျပ်သုံးသိန်း ပြင်ဆင်ခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်များကို လေ့လာရာတွင် လွှတ်တော်နှစ်ရပ်ရှိသော နိုင်ငံများတွင် လွှတ်တော်များ၏ သက်တမ်းမတူညီသည်ကိုတွေ့ရှိရပြီး အထက်လွှတ်တော်များ၏ သက်တမ်းမှာ ပို၍ရှည်ကြာသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း သတ်မှတ်ချက်များကိုလည်း အောက်လွှတ်တော်ကိုယ်စားလှယ်များထက် ပိုမိုကန့်သတ်ထားရှိပါသည်။ များသောအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်း ကန့်သတ်သည်ဖြစ်စေ၊ မကန့်သတ်သည်ဖြစ်စေ ဘွဲ့ရပညာတတ်များ၏ ကိုယ်စားလှယ်အရေအတွက် များပြားသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများကို မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် ပြဋ္ဌာန်းခဲ့ကြပါသည်။

**နိဂုံး**

မြန်မာနိုင်ငံ၏ လျှောက်လှမ်းခဲ့ရသည့် နိုင်ငံရေးခရီးလမ်းကကြမ်းတမ်းခဲ့ပါသည်။ ဆက်လက်လျှောက်လှမ်းရမည့် ခရီးအတွက် အရည်အချင်းပြည့်မီသော လွှတ်တော်ကိုယ်စားလှယ် လူတော်လူကောင်းများရရှိရေးမှာ အရေးကြီးသော လိုအပ်ချက်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းများကို ဖြစ်သင့်ဖြစ်ထိုက်သော ပညာအရည်အချင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များပါဝင်နိုင်မှု၊ ရွေးကောက်ပွဲအာမခံကြေးနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အခြေချနေထိုင်သူဖြစ်ရန်တို့ကို သတ်မှတ်ချက်များ ထားရှိရန် လိုအပ်ပါသည်။ ထို့အပြင် အကျင့်စာရိတ္တ၊ ဥစ္စာဓနနှင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့ရှိရမည့်အပြင် နိုင်ငံအတွက် ဥပဒေရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို စောင့်ကြည့်ထိန်းညှိသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်နိုင်စွမ်းရှိရပါမည်။

ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်၍ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ကြရသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ကြရသဖြင့် နိုင်ငံ့ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ဆောင်ထင်ဟပ်လျက်ရှိပါသည်။ ဒီမိုကရေစီအစိုးရများသည် မိမိတို့ဆောင်ရွက်လိုသည်များကို ဥပဒေပြဋ္ဌာန်း၍ ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရပေသည်။ သို့ဖြစ်၍ ပါလီမန်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်စေမည့် ဥပဒေများကိုပြဋ္ဌာန်းရန် အဓိကတာဝန်ဖြစ်လာပါသည်။ တာဝန်ခံ တာဝန်ယူမှုရှိသော၊ တာဝန်ကျေပွန်သော လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ မူဝါဒများ၊ ဥပဒေများအပေါ် နားလည်သဘောပေါက်နိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်း၊ အတည်ပြုပြဋ္ဌာန်းနိုင်စွမ်းနှင့် ခေတ်နှင့်မလျော်ညီသော ဥပဒေများကို အစားထိုးပယ်ဖျက် ဆောင်ရွက်နိုင်စွမ်းစသည့် အရည်အချင်းကောင်းများ ရှိကြရမည်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ဒေသတွင်း လတ်တလောဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ ပထဝီနိုင်ငံရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ကပ်ရောဂါအတွေ့အကြုံများကို နားလည်နိုင်စွမ်းရှိသော၊ ဆင်ခြင်သုံးသပ်ဆောင်ရွက်နိုင်စွမ်းရှိသော အရည်အချင်းနှင့်ပြည့်စုံသည့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ကြရန်လိုအပ်ပါသည်။ သို့ဖြစ်၍ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများအတွက် နိုင်ငံရေးပါတီများအနေဖြင့် အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများကို လေ့ကျင့်မွေးထုတ်ရွေးချယ်၍ ဝင်ရောက်ယှဉ်ပြိုင်ကြစေလိုပါသည်။ မဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း နိုင်ငံ့တာဝန်ကို အမှန်တကယ်ထမ်းဆောင်နိုင်မည့် လွှတ်တော်အမတ်များ၏ အရည်အချင်းကို ကြည့်ရှုလေ့လာ၍ ရွေးချယ်ကြရန် တိုက်တွန်းတင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်များ–**

(၁) မြန်မာ့နိုင်ငံရေးဖြစ်စဉ်အကျဉ်း
(၂) ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် သမ္မတဦးသိန်းစိန်
(၃) ဒီမိုကရေစီဒုတိယခေတ်နှင့် မြန်မာနိုင်ငံ
(၄) နိုင်ငံရေးနှင့် နိုင်ငံရေးပါတီ
(၅) မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် လက်လွှတ်ဆုံးရှုံးခဲ့ရသော အခွင့်အလမ်းများ
(၆) မြန်မာ့နိုင်ငံရေး (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)
(၇) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)
(၈) ကမ္ဘာ့နိုင်ငံအချို့၏ လွှတ်တော်ကိုယ်စားလှယ်အရည်ချင်း သတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား လေ့လာခြင်း စာတမ်း
(၉) ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စာတမ်း
(၁၀) ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စာတမ်း

# ဂါဇာဒေသ၌ ချက်ချင်းအပစ်ရပ်စဲရန် အီဂျစ်သမ္မတနှင့် ဂျော်ဒန်ဘုရင်တို့တောင်းဆို

ဂါဇာ ဒီဇင်ဘာ ၂၈

**အီဂျစ်သမ္မတ အဗ္ဗဒဲလ် ဖာတာအယ် စီစီသည် ကိုင်ရိုမြို့သို့ အလည်အပတ်ရောက်ရှိလျက်ရှိသော ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ နှင့် ဂါဇာပဋိပက္ခ အရေးဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုအတွင်း နှစ်နိုင်ငံ ခေါင်းဆောင်များသည် စစ်ကြောင့်ပျက်စီးနေသော ဂါဇာကမ်းမြောင်ဒေသ၌ ချက်ချင်း အပစ်ရပ်စဲရေးအတွက် တောင်းဆိုခဲ့ကြသည်။**



ဆွေးနွေးပွဲအတွင်း အနောက်ဖက်ကမ်း၌ ချက်ချင်းအပစ်ရပ်စဲရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက အပူတပြင်း လုပ်ဆောင်ရန် လိုအပ်ကြောင်း နှစ်နိုင်ငံ ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။ ထို့အတူ အကူအညီ အထောက်အပံ့ပစ္စည်းများ နှောင့်နှေးမှုမရှိဘဲ လွယ်ကူချောမွေ့စွာ ပိုမိုဝင်ရောက်နိုင်ရန်လည်း ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။ ပါလက်စတိုင်းအရေးကိစ္စကို အလေးမထားဖျက်သိမ်းမည့် မည်သည့်ကြိုးစားမှုမျိုးမဆို လုံးဝလက်ခံသွားမည်မဟုတ်ဘဲ ပယ်ချသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ပါလက်စတိုင်းများကို ၎င်းတို့မြေမှ ပြောင်းရွှေ့သွားစေခြင်း သို့မဟုတ် ပြည်တွင်း ရွှေ့ပြောင်းအခြေချခြင်းများကို ဖြစ်ပေါ်စေမည့် မည်သည့် ဖိအားပေးလုပ်ဆောင်ခြင်းမျိုးကိုမဆို လုံးဝလက်ခံသွားမည်မဟုတ်ကြောင်း နှစ်နိုင်ငံ ခေါင်းဆောင်များက အတည်ပြုခဲ့ကြသည်။

ဒေသတွင်း ငြိမ်းချမ်းရေးကို မငြိမ်မသက် ဖြစ်စေနိုင်သည့် ပဋိပက္ခကို ပိုမိုဆိုးရွားစေမည့် စွန့်စား လုပ်ဆောင်မှုများကို ဆန့်ကျင်သွားမည် ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက သတိပေးထားသည်။ အောက်တိုဘာ ၇ ရက်မှစကာ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့တိုက်ခိုက်မှုကြောင့် အနည်းဆုံး ပါလက်စတိုင်း ၂၁၁၁၀ သေဆုံးခဲ့ပြီး ၅၅၀၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်။

ဟားမားစ်တို့၏ တိုက်ခိုက်မှုကြောင့် အစ္စရေး ၁၂၀၀ ကျော် သေဆုံးခဲ့ပြီး ၂၀၀ ကျော် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသည်။ အီဂျစ်နှင့် ဂျော်ဒန်တို့သည် ဂါဇာကမ်းမြောင်ဒေသသို့ နယ်စပ်ဖြတ်သန်းရေး ဂိတ်များမှတစ်ဆင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးပို့ခဲ့သည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၏အထင်ကရ H3 ဒုံးပျံသစ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် လွှတ်တင်နိုင်ရန် ဂျာဆာကြိုးစား

**တိုကျို ဒီဇင်ဘာ ၂၈**

ဂျပန်နိုင်ငံ၏ အထင်ကရဖြစ်သည့် H3 ဒုံးပျံသစ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် လွှတ်တင်နိုင်ရန် ဒုတိယအကြိမ် ကြိုးစားသွားမည်ဟု ဂျပန်အာကာသအေဂျင်စီ (ဂျာဆာ) က ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံ အာကာသစူးစမ်း လေ့လာရေးအေဂျင်စီ (ဂျာဆာ) က ဒီဇင်ဘာ ၂၈ ရက်တွင် ဒုံးပျံသစ် လွှတ်တင်မည့် အချိန်ဇယားကို ကြေညာခဲ့သည်။ H3 ဒုံးပျံကို ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီမာခရိုင်ရှိ တာနီဂါရှီမာ အာကာသစခန်းမှ နံနက် ၉ နာရီ ၂၂ မိနစ်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။



၂၀၂၃ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် H3 ဒုံးပျံလွှတ်တင်မှုတွင် ဒုံးပျံ၏ ဒုတိယအဆင့် အင်ဂျင်ကို မီးမကူးခဲ့သည့်အတွက် လွှတ်တင်မှု မအောင်မြင်ခဲ့ပေ။

H3 ဒုံးပျံ ပျံသန်းမှုဆိုင်ရာ အချက်အလက်များကို အကဲဖြတ် လေ့လာမှုများ ပြုလုပ်ပြီးနောက် လွှတ်တင်မှု မအောင်မြင်ခဲ့သည့် အဓိကအကြောင်းရင်း သုံးချက်ကို ဂျာဆာက ထုတ်ဖော်ခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် မတ်လ မကုန်မီ ဒုတိယအကြိမ် လွှတ်တင်နိုင်ရန် H3 ဒုံးပျံ၏ အစိတ်အပိုင်းများနှင့် စက်ပစ္စည်းများကို တိကျစွာ စစ်ဆေးခြင်းများအပါအဝင် လိုအပ်သည့် လုပ်ဆောင်မှုများကို ဂျာဆာက လုပ်ဆောင်ခဲ့သည်။

H3 ဒုံးပျံသည် H2A နောက်ပိုင်း တီထွင်ခဲ့သည့် ဒုံးပျံဖြစ်ပြီး နှစ်ပေါင်း ၃၀ ခန့်အတွင်း ဂျပန်နိုင်ငံက တီထွင်ခဲ့သည့် ပထမဆုံး အကြီးစား ဒုံးပျံဖြစ်သည်။

ဒုံးပျံသစ်၏ လွှတ်တင်မှု ကုန်ကျစရိတ်ကို ထက်ဝက်ခန့် လျှော့ချခဲ့သော်လည်း အများဆုံး သယ်ဆောင်နိုင်သည့် ပမာဏကို H2A ထက် ၁ ဒသမ ၃ ဆရှိအောင် ဒီဇိုင်းရေးဆွဲထားသည်။

အင်န်အိတ်ချ်ကေ

# သီရိလင်္ကာနိုင်ငံ ဟမ်ဘမ်တိုတာဆိပ်ကမ်း၌ နှစ်လအတွင်းကမ္ဘာလှည့်ခရီးသည် ၆၀၀၀ ကျော် ဝင်ရောက်

ကိုလံဘို ဒီဇင်ဘာ ၂၈

သီရိလင်္ကာနိုင်ငံ ဟမ်ဘမ်တိုတာ ဆိပ်ကမ်း၌ ယခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ကမ္ဘာလှည့်ခရီးသွား ၆၀၀၀ ကျော် ဝင်ရောက်ခဲ့သည်ဟု ဒီဇင်ဘာ ၂၈ ရက်တွင် ဟမ်ဘမ်တိုတာ ဆိပ်ကမ်းမှ သတင်းထုတ်ပြန်ခဲ့သည်။ ၎င်းတို့မှာ ပင်လယ်ကူးသင်္ဘောကြီး ငါးစင်းပေါ်တွင် လိုက်ပါလာသည့် ခရီးသွားများဖြစ်ကြသည်။

အက်ဇမာရာ အပျော်စီးသင်္ဘောပေါ်တွင် ခရီးသည် ၆၂၀ လိုက်ပါခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်က ဆိုက်ကပ်ခဲ့ခြင်းဖြစ်သည်။ မိုင်းရှစ် သင်္ဘောပေါ်တွင် ခရီးသည် ၂၂၀၀ တင်ဆောင်ခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ဆိုက်ကပ်ခဲ့သည်။ မလန်နီယာသင်္ဘောပေါ်တွင် ခရီးသည် ၃၅၀၀ တင်ဆောင်ခဲ့ပြီး နာတီကာသင်္ဘောပေါ်တွင် ခရီးသည် ၄၉၈ ဦး တင်ဆောင်လာသည်ဟု သိရသည်။

ဆင်ဟွာ

# ကွန်ဂိုအရှေ့ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၄၀ ထက်မနည်း သေဆုံး



**ကင်ရှာဆာ ဒီဇင်ဘာ ၂၈**

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာကွန်ဂို) အရှေ့ပိုင်းရှိ ဆောက်ကီဗူးပြည်နယ် မြို့တော် ဘူကာဗူ ၌ ဒီဇင်ဘာ ၂၆ ရက်က တစ်ညလုံး မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေကြီးမြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရာ လူ ၄၀ ထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောသည်။

ဘူကာဗူ၌ လူ ၂၀ ထက်မနည်း သေဆုံးခဲ့ပြီး ဘူဟိုင်ရီ ကျေးရွာအနီးတစ်ဝိုက်လူ ၂၀ သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးကပြောသည်။ အသက်ရှင်ကျန်ရစ်သူများကိုရှာဖွေရန် ပြည်နယ်အာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို အခင်းဖြစ်ပွားရာ နေရာသို့ တပ်ဖြန့်ချထားခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်ကလည်း ဆောက်ကီဗူးပြည်နယ် ခါလင်ဂီကျေးရွာတွင် မြေပြိုမှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံးခဲ့ရသည်။ ရေကြီးမှုနှင့် မြေပြိုမှုများမှာ ကွန်ဂိုနိုင်ငံ၌ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိပြီး ပျက်စီးဆုံးရှုံးမှုများ ခံစားရလေ့ရှိသည်။

ဆင်ဟွာ

# ရွှေ့ပြောင်းနေထိုင်သူများ လိုက်ပါလာသည့်ဘတ်စ်ကားများ နယူးယောက်မြို့သို့ ဝင်ရောက်လာမှု ကန့်သတ်ချက်များထားရှိ

နယူးယောက် ဒီဇင်ဘာ ၂၈

**နယူးယောက်မြို့သို့ ရွှေ့ပြောင်းနေထိုင်သူများ အပြည့်တင်ဆောင်လာသည့် ဘတ်စ်ကားများ ဝင်ရောက်လာမှုကို နယူးယောက်မြို့တော်ဝန် အဲရစ်အဒမ် က ဒီဇင်ဘာ ၂၇ ရက်တွင် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့သည်။**

နယူးယောက်မြို့သို့ ရွှေ့ပြောင်းနေထိုင်သူများကို လိုက်လံပို့ဆောင်ပေးသည့် စင်းလုံးငှား ဘတ်စ်ကား ကုမ္ပဏီများသည် နယူးယောက်မြို့သို့ မဝင်မီ ၃၂ နာရီ ကြိုတင်သတိပေးရမည်ဖြစ်ပြီး ကားပေါ်တွင် တင်ဆောင်လာသည့် လူဦးရေသတင်း အချက်အလက်များကို ကြိုတင်သတင်းပို့ရမည်ဟု ကန့်သတ်ချက်တွင် ပါဝင်သည်။

သတ်မှတ်ထားသည့်အချိန်အတွင်း မက်ဟက်တန်ရှိ သတ်မှတ်ထားသည့်နေရာတွင်သာ ရွှေ့ပြောင်းနေထိုင်သူများကို ကားပေါ်မှ ချထားပေးရမည် ဖြစ်သည်။ နယူးယောက်မြို့တော်ဝန်သည် စင်းလုံးငှားဘတ်စ်ကားကုမ္ပဏီများသို့ သတိပေးစာများ ပေးပို့ထားသည်။ အဆိုပါ သတိပေးချက်များကို သိလျက်ဖြင့် ချိုးဖောက်ခဲ့ပါက ထောင်ဒဏ်သုံးလ ချမှတ်နိုင်ပြီး တစ်ဦးချင်းစီအတွက် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၅၀၀မှ ၂၀၀၀ အထိ ချမှတ်နိုင်ကြောင်း နယူးယောက်ပြည်နယ် ဥပဒေအရ သိရသည်။ နိုဝင်ဘာလအတွင်းက နယူးယောက်မြို့သို့ ရွှေ့ပြောင်းနေထိုင်သူများ အလုံးအရင်းနှင့် ဝင်ရောက်လာခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်တွင်းကလည်း တစ်ညထဲတွင်ပင် ကားအစီးရေ ၁၄ စီးဖြင့် ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်လာခဲ့သည်ဟု နယူးယောက်မြို့တော်ဝန်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ယခု ထုတ်ပြန်လိုက်သည့် အုပ်ချုပ်မှုအမိန့်ကြောင့် မြို့တော်တွင် ကြုံတွေ့ရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေး အထောက်အကူဖြစ်စေမည်ဟုဖော်ပြချက်တွင် ပါဝင်သည်။



မက်ဟက်တန်ရှိ ရုစဗဲ့ ဟိုတယ်ရှေ့၌ ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်တွင် နယူးယောက်မြို့၌ ရွှေ့ပြောင်းနေထိုင်သူများအပေါ် အသုံးပြုရသည့် ပမာဏကို ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေး စီစဉ်ထားသည်။ နယူးယောက်မြို့သို့ ရွှေ့ပြောင်းနေထိုင်သူများ အလုံးအရင်းလိုက်ဝင်ရောက်လာခြင်းကြောင့် သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ ကုန်ကျမည်ဟု ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ခန့်မှန်းထားသည်။

ဆင်ဟွာ

## မြစ်ကြီးနားမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်နှင့် ယနေ့တို့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၄၁ ပါးတို့ကို အဆိုပါမြို့ရှိ အံတော်ရှင်တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်ဦလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀)နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော် ၆၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၁ ပါးနှင့် ဒေသခံပြည်သူ ၃၂ ဦးတို့ကို အဆိုပါရပ်ကွက်ကြီးရှိ ရွှေစေတီရိပ်သာခွဲ၊ ဇယန်း၊ နမ့်ဆမ်၊ သာသနာ့ရက္ခိတ သီလရှင်စာသင်တိုက်၌လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့များက ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါစမ်းသပ်စစ်ဆေးခြင်း၊ တီဗွီခာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပျဉ်းမပင်ရွာနှင့် ရေတာရှည်မြို့နယ်တို့မှ ကျေးရွာများအတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူအချို့သေဆုံးခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပျဉ်းမပင်ရွာကို ဒီဇင်ဘာ ၂၇ ရက်က တပ်မတော်က လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရေတာရှည်မြို့နယ် သာယာကုန်းကျေးရွာနှင့် ဒိုးတန်းကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာများအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့မှုကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေများမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပျဉ်းမပင်ရွာကို ဒီဇင်ဘာ ၂၇ ရက်က တပ်မတော်က လက်နက်ကြီး ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း၊ အလားတူ ရေတာရှည်မြို့နယ်မှ သာယာကုန်းကျေးရွာနှင့် ဒိုးတန်းကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုမရှိကြောင်း သိရှိရပါသည်။

တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit သည် ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများက အထင်အမြင်လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







## မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာမှ ဒေသခံရွာသူ၊ ရွာသား ၈၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာသို့ ဒီဇင်ဘာ၂၇ ရက် နံနက် ၉ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိခဲ့ပြီး ဒေသခံ ရွာသူ၊ ရွာသား ၈၃ ဦးကို ကျေးရွာရှိဘုန်းကြီးကျောင်းတွင် ဖမ်းဆီးထားကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သပိတ်ကျင်းမြို့နယ် ငါးတန့်အိုင်ကျေးရွာအနီးတွင် အကြမ်းဖက်သမားများက ဒေသခံပြည်သူများထံမှ ငွေကြေး၊ ပစ္စည်းများလုယက်ယူဆောင်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်းသတင်းရရှိသဖြင့် တပ်မတော်မှ နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိပြီး ရွာသူ၊ ရွာသားများအား ဖမ်းဆီးခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ပေးလျက်ရှိပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် သတင်းတု၊ သတင်းမှားများကို လုပ်ကြံဖန်တီးရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

## ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ဌေးလင်းနှင့် လေးမျက်နှာမြို့နယ်နေ လှသက်ချို (ခ) ချိုကြီးတို့က လေးမျက်နှာမြို့နယ်နေ ကို ---၊ ၂၇/၁၉နှစ် နှင့် ကို---၊ ၂၂/၁၉နှစ် တို့အား ရေလုပ်ငန်းလုပ်ကိုင်ပါက လုပ်အားခကြိုတင်ငွေ တစ်ဦးလျှင် ခုနစ်သိန်းကျပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး လုပ်အားခများအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လေးမျက်နှာမြို့မရဲစခန်း (ပ) ၅၃၃/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဟင်္သာတခရိုင်တရားရုံးမှ ၂၀၂၀ ပြည့်နှစ်၊ မေ ၅ ရက်တွင် တရားခံ ဌေးလင်းအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်ချမှတ်ခဲ့ပြီး တရားခံပြေး လှသက်ချို (ခ)ချိုကြီးအား ၅-၁၀-၂၃ ရက်နေ့တွင် ပြန်လည်ဖမ်းဆီးရမိသဖြင့် တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နေ အဲလေနှင့် နန်းမွေကျောက်တို့က တာချီလိတ်မြို့နယ်နေ မ----၊ ၂၈/၂၃ နှစ် အား တရုတ်ဇနီးမယား ပြုလုပ်ပါက ငွေကြေး အမြောက်အမြားရရှိမည်ဟု လိမ်လည်စည်းရုံးပြောဆို ခေါ်ဆောင်ကာ တရုတ်နိုင်ငံဘက်သို့ ယွမ်သုံးသောင်းဖြင့် ပို့ဆောင်ရောင်းစားခဲ့သဖြင့် တာလေမြို့မရဲစခန်း (ပ) ၄/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၁၅/၄၄ ဖြင့် အမှုရေးဖွင့်၍ တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၆ ရက်တွင် တရားခံ အဲလေနှင့် နန်းမွေကျောက်တို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ပုဒ်မ ၁၅/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတနော်ရေနက်ကွင်းမှ ပြည်ပပို့ကုန်အများအပြား ထုတ်လုပ်ဖြန့်ဖြူးမည်

ခရမ်းစိုးမြင့်

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအနီး ရေနက်ကွင်းဧက ၃၆၀၀ တွင် နိုင်ငံတော်ကခွင့်ပြု၍ ငါးမွေးမြူခြင်းနှင့် စပါးစိုက်ပျိုးခြင်းများကို ၁၉၉၈ ခုနှစ်မှစတင်ဆောင်ရွက်နေသည့် ဦးဌေးမြင့်၏ ယုဇနကုမ္ပဏီက Global Earth Agro and Aqua Industry Public Co.,Ltd. (GEAAI) ဟု အမည်ပြောင်းလိုက်သည်။ ထို့နောက် သမားရိုးကျငါးမွေးမြူခြင်းမှ ခေတ်မီနည်းစနစ်ဖြင့် ငါးမွေးမြူခြင်းနှင့် စက်ရုံတည်ဆောက်၍ ငါးအသားလွှာများ အေးခဲအောင်ပြုလုပ်ပြီး ပြည်ပပို့ကုန်များ ဆောင်ရွက်နေကြောင်း ကြားသိရသည်။ ကျွန်တော်သည် သတင်းဆောင်းပါး ရေးသားဖော်ပြနိုင်ရန် စီမံကိန်းလုပ်ငန်းတည်ရှိရာ ပန်းတနော်ရေနက်ကွင်းကို သွားရောက်ခဲ့သည်။

ပန်းတနော်ရေနက်ကွင်းစီမံကိန်းတွင် ဥက္ကဋ္ဌ ဦးဌေးမြင့်ကို တွေ့ရပြီး ထိုစီမံကိန်းမှ ဒေါ်နီနီမိုး ဆိုသည့် အမျိုးသမီးကိုခေါ်၍ "သူက ကျွန်တော့်ကုမ္ပဏီက အရာရှိပဲ။ ဒီစီမံကိန်းတစ်ခုလုံးကို သူလိုက်ပြပါလိမ့်မယ်"ဟု ဆိုကာ အပ်လိုက်သည်။ ထို့နောက် ကျွန်တော်နှင့် ဓာတ်ပုံသတင်းထောက် မလွဲလွဲမောင်တို့သည် ဒေါ်နီနီမိုး၏ ကားဖြင့် စီမံကိန်းမှ ငါးလေးပြုစုကန်ကို လည်းကောင်း၊ ငါးမွေးကန်များတွင် အသုံးပြုရန်ရေကို ရေထိန်းတံခါးဖြင့်ယူသည့် ရွှေလောင်ချောင်းရေတံခါးကို လည်းကောင်း၊ ခေတ်မီငါးမွေးစတီးကန်နှင့် မြေသားကန်များ၌ မွေးမြူထားသည့်ငါးများ အစာကျွေးနေသည်ကိုလည်းကောင်း လိုက်လံကြည့်ရှုလေ့လာခဲ့ပါသည်။

ထို့ပြင် ငါးအေးခဲစက်ရုံ၊ စပါးခွံလျှပ်စစ်ဓာတ်အားထုတ်စက်ရုံ၊ ငါးအစာတောင့်စက်ရုံ၊ ဟိုတယ်များတည်ဆောက်နေပုံကိုလည်း လိုက်လံပြသသည်။ GEAAI က ဘုရားချောင်းကျေးရွာအနီး ရေနက်ကွင်းဧက ၃၆၀၀ အနက်မှ ၉၀၀ ကို ရေမဝပ်ရအောင် တမံတုတ် ရေကာတာ ကာရံသည်။ ကုန်းမြေများဖြစ်အောင် ဆောင်ရွက်ပြီး စီမံကိန်းလုပ်ဆောင်နေခြင်းဖြစ်သည်။

**ခေတ်မီငါးမွေးမြူရေးလုပ်ငန်း**

၁၉၉၈ ခုနှစ်မှစ၍ ယုဇနကုမ္ပဏီသည် ပန်းတနော်မြို့နယ် ရေနက်ကွင်း၌ လုပ်ပိုင်ခွင့်ရသည့် ဧက ၃၆၀၀ အနက် ဧက ၉၀၀ ပေါ်တွင် ၂၀၂၀ ပြည့်နှစ်မှစ၍ ဒုတိယအကြိမ် ခေတ်မီငါးမွေးမြူရေးလုပ်ငန်းကို တစ်ဟက်တာလျှင် ငါးပိဿာချိန် ၁၅၀၀၀၀ အထိ ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးရန် ဖြန့်ဖြူးသည့်အပြင် ပြည်ပပို့ဆောင်ရေးအတွက် ငါးအသားအေးခဲသည့် စက်ရုံ၊ စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အပါအဝင် အထွေထွေလုပ်ငန်းများကို ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။

GEAAI သည် ပြည်တွင်းလိုအပ်ချက် အစားအသောက်များ ဖြည့်ဆည်းပေးရန်၊ ပြည်ပမှတင်သွင်းလာသည့် အစားအသောက်များ လျှော့ချနိုင်ရန်နှင့် ပြည်ပသို့ စားသောက်ကုန်အမြောက်အမြားတင်ပို့ပြီး နိုင်ငံဝင်ငွေ တိုးတက်အောင် ရှာဖွေရန်တို့ကို လုပ်ဆောင်မည့် Public Company မှ Listed Company စာရင်းဝင်ကုမ္ပဏီဖြစ်ပြီး အများပြည်သူပါဝင်ခွင့်ရအောင် ပန်းတိုင်ထားရှိ လုပ်ဆောင်နေကြောင်း သိရသည်

ယခုအခါ အခြားစက်ရုံများမပြီးမီ ငါးမွေးမြူရေးတွင် ခေတ်မီစနစ်ဖြင့် စတီးကန်များပြုလုပ်ကာ မွေးမြူနေသည်။ ငါးမွေးစတီးကန် ၉၀ ရှိသည့်အနက် ၂၆ ကန်တွင် တစ်ကန်လျှင် ငါးတန်ကောင်ရေ ၈၀၀၀၀ မွေးမြူထားရာ ၂၆ ကန်တွင် ငါးကောင်ရေသိန်း ၂၀ ကျော်ရှိသည်ဟု သိရသည်။ တစ်ကန်လျှင် ကောင်ရေ ၈၀၀၀၀ အစား ၁၃၀၀၀၀ အထိ မွေးမြူသွားမည်ဟု ဆိုသည်။

**အများပိုင်ကုမ္ပဏီတစ်ခုဖြစ်အောင် ရည်မှန်းထား**

ငါးတန်သည် အလယ်ရိုးတစ်ချောင်းသာပါရှိပြီး အသားပေါများသည့် ငါးမျိုးဖြစ်သည်။ ကမ္ဘာ့အဖြူရောင် ငါးများတွင် ပါဝင်ပြီး အနံ့မရှိအောင် မွေးမြူနိုင်ပါက လူအများစားသုံးရန် သင့်တော်သည့် ငါးမျိုးဖြစ်သည်။ ငါးမွေးမြူရေး အောင်မြင်အောင် စားသုံးရန်အသင့်ဖြစ်သည့် Value Added လုပ်ဆောင်ရန် Processing and Cold Storage Industry များ လိုအပ်သည်ဟု သိရသည်။ GEAAI က အများပိုင်ကုမ္ပဏီတစ်ခုဖြစ်အောင် ရည်မှန်းထားသည်ဟု ဆိုသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို ခေတ်မီနည်းပညာများ ပေါင်းစပ်ပြီး အရည်အသွေးကောင်းအောင် ထုတ်လုပ်ရန်လိုအပ်ပါသည်။ ဒေသတွင်းထွက်ရှိသည့် ဘေးထွက်ပစ္စည်းများ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ငါးအစာများ ထုတ်လုပ်ခြင်း၊ စက်ရုံကုန်ကြမ်း လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် ဒေသခံပြည်သူများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ အဘက်ဘက်မှ တိုးတက်လာစေရန် ရည်ရွယ်၍ လုပ်ဆောင်နေကြောင်း၊ စီမံကိန်းတစ်ခုလုံး ပြီးစီးလည်ပတ်ပါက လူဦးရေ ၆၀၀၀ ကျော်နှင့် ဆက်စပ်လူဦးရေ ၅၀၀၀၀ ကျော်ထိ အလုပ်အကိုင်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

GEAAI သည် ပြည်တွင်းလိုအပ်ချက် အစားအသောက်များ ဖြည့်ဆည်းပေးရန်၊ ပြည်ပမှတင်သွင်းလာသည့် အစားအသောက်များ လျှော့ချနိုင်ရန်နှင့် ပြည်ပသို့ စားသောက်ကုန်အမြောက်အမြားတင်ပို့ပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ရှာဖွေရန်တို့ကို လုပ်ဆောင်မည့် Public Company မှ Listed Company စာရင်းဝင်ကုမ္ပဏီဖြစ်ပြီး အများပြည်သူပါဝင်ခွင့်ရအောင် ပန်းတိုင်ထားရှိ လုပ်ဆောင်နေကြောင်း သိရသည်။

ထို့အပြင် GEAAI ကုမ္ပဏီက ငါးအမျိုးမျိုးထိန်းသိမ်းခြင်း၊ စနစ်တကျ ငါးသားဖောက်နည်းနှင့် ငါးသားပေါက်ပြုစုသည့်စနစ်ကို စနစ်တကျ ငါးမွေးမြူရေးစနစ်၊ အစာတောင့်ထုတ်လုပ်ခြင်းနှင့် ငါးအစာကျွေးမွေးခြင်း စီမံဆောင်ရွက်သည့်စနစ်၊ ငါးပြုပြင်ထုတ်လုပ်ခြင်း၊ ငါးအသားအလျင်အမြန်အေးခဲခြင်း၊ ငါးအခြေခံဘေးထွက်ပစ္စည်းများမှ တန်ဖိုးမြှင့်အစားအစာအဖြစ် ထုတ်လုပ်သည့် စနစ်အပြင် စပါးခွံအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ်တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးခန်းများ တည်ဆောက်ခြင်း၊ မြေဖို့လုပ်ငန်းနှင့် ရေနုတ်မြောင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ စိမ်းလန်းစိုပြည်လှပရေးအတွက် အရိပ်ရနှင့် စားသုံးသီးနှံပင်များ စိုက်ပျိုးခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ။



ပန်းတနော်ရေနက်ကွင်းမှ စိုက်ပျိုးသီးနှံဘေးထွက်ပစ္စည်းသုံး စက်မှုစီမံကိန်းကြီးကို တွေ့ရစဉ်။



ပန်းတနော်ရေနက်ကွင်းတွင်(GEAAI) က တည်ဆောက်နေသော ငါးအစာတောင့်စက်ရုံ တည်ဆောက်မှုကို တွေ့ရစဉ်။



ပန်းတနော်ရေနက်ကွင်းတွင်(GEAAI) က တည်ဆောက်မည့် စပါးခွံသုံးလျှပ်စစ်ဓာတ်အားထုတ် စက်ရုံ ပုံစံငယ်ကို တွေ့ရစဉ်။




# လွယ်ကူဖွေရှာ ပြန်တမ်းမှာ စာအုပ်သစ်ထွက်ရှိ



စာရေးသူကလောင်နီရေးသားပြုစုထားသော လွယ်ကူဖွေရှာ ပြန်တမ်းမှာ စာအုပ်သည် ၂၀၁၁ ခုနှစ်ထုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်းများအညွှန်း စာအုပ်ဖြစ်ပြီး ပြန်တမ်းပါ ထုတ်ပြန်ချက်များကို လွယ်ကူ မြန်ဆန်စွာ ရှာဖွေလိုသူတို့လက်ကိုင်ပြုနိုင်ရန် ထုတ်ဝေထားသော စာအုပ်ဖြစ်သည်။ စာအုပ်အမျိုးအစားအနေဖြင့် မြန်မာနိုင်ငံ၌ မပေါ်ပေါက်ဖူးသေးသော စာအုပ်ဖြစ်သည်။

လွယ်ကူဖွေရှာပြန်တမ်းမှာ (၂၀၁၁ ခုနှစ်ထုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်းများအညွှန်း)စာအုပ်ကို ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတော်က တရားဝင်ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ပြန်တမ်းများ၌ ဖော်ပြပါရှိသော ထုတ်ပြန်ချက်များကို လွယ်ကူမြန်ဆန်စွာရှာဖွေနိုင်ရန် ပြုစုထားကြောင်း၊ ၂၀၁၁ ခုနှစ်သည် နိုင်ငံတော်၌ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် နှစ်ဖြစ်၍ ယင်းနှစ်ထုတ် နိုင်ငံတော်ပြန်တမ်းများတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလနှင့် ပထမအကြိမ်လွှတ်တော်ကာလဟူ၍ ကာလနှစ်ရပ်ပါဝင်နေကြောင်း၊ အဆိုပါကာလနှစ်ရပ်ကို ခွဲခြားဖော်ပြရန်အတွက် ဇယား ၉ ခုဖြင့် ခွဲခြားပြုစုထားကြောင်း စာရေးသူ၏ အမှာစာတွင် ဖော်ပြထားသည်။

နိုင်ငံတော်က အပတ်စဉ်ထုတ်ဝေလျက်ရှိသော နိုင်ငံတော်ပြန်တမ်းများကို လေ့လာဖတ်ရှုသူများ နည်းပါးလျက်ရှိကြောင်း၊ နိုင်ငံတော်က ထုတ်ဝေလျက်ရှိသည့် ပြန်တမ်းများနှင့်ပတ်သက်၍ မည်သည့်အတွက် ထုတ်ဝေရခြင်းနှင့် မည်သည့်အကြောင်းအရာများကို မည်သို့ထုတ်ပြန်ကြောင်း အချို့သော နိုင်ငံ့ဝန်ထမ်းများပင် ဂဃနဏ မသိရှိကြကြောင်း၊ ဤစာအုပ်ကို ပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်ပြန်တမ်းများတွင် ဖော်ပြပါရှိသည့် မိမိအလိုရှိသော ထုတ်ပြန်ချက်များကို ရှာဖွေရန်အတွက် တန်ဖိုးရှိသောအချိန်များကို မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရန်နှင့် လိုအပ်သော နေရာများ၌ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွင်း နေပြည်တော်၌ တာဝန်ထမ်းဆောင်စဉ်ကာလက ရည်ညွှန်းကိုးကားရန်အတွက် လိုအပ်သည့် ထုတ်ပြန်ချက်များကို အမျိုးသားစာကြည့်တိုက်တွင် အချိန်များစွာအကုန်ခံ၍ ရှာဖွေခဲ့ရသော အခက်အခဲကို ကျော်လွှားနိုင်ရန် ရည်ရွယ်၍ စာအုပ်ကို ပြုစုခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နိုင်ငံတော်ပြန်တမ်းအညွှန်း (မူကြမ်း)များကို ပြုစုထားပြီးဖြစ်ကြောင်းနှင့် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်းလည်း အမှာစာတွင် ဖော်ပြထားသည်။

'လွယ်ကူဖွေရှာ ပြန်တမ်းမှာ' စာအုပ်ကို မိုးကျော်စာပေ(ဖုန်း-၀၉၅၀၈၉၈၈၃)က ယခု ၂၀၂၃ နှစ် ဒီဇင်ဘာလအတွင်း ပထမအကြိမ် ထုတ်ဝေခြင်းဖြစ်ကာ စာမျက်နှာ ၃၀၀ ကျော်ပါဝင်ပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၁၅၀၀၀ ဖြစ်သည်။

**မြန်မာ့အလင်း**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက သန်လျင်မြို့ရှိ ရန်ကုန်




အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက အမှာစကား ပြောကြားပြီး စာရေးဆရာ ဟိန်းလတ် (အမျိုးသားစာပေဆုနှင့် အိန္ဒိယသမ္မတ အဗ္ဗဒူကလာမ်စာပေဆုရ၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်ဆုရွေးချယ်ရေးအဖွဲ့ဝင် တိုင်းဒေသကြီးစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ) က လွတ်လပ်ရေးတန်ဖိုး လွတ်လပ်ရေးစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ဟောပြောသော စာရေးဆရာနှင့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# ပြည်မြို့၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**ပြည် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းစိုးက မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်းကို အသိပညာပေးပြောကြားသည်။

ထို့နောက် ကျောင်းရှေ့ အားကစားကွင်း၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများနှင့်အတူ လူနာသယ်ဆောင်နည်းအမျိုးမျိုးနှင့် DCP မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်နည်း၊ ဂဝံစိမီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်မီးငြှိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက မီးသတ်ဦးစီးဌာနမှ ပြသထားသော ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများကို စိတ်ဝင်တစားလေ့လာကြည့်ရှုကြကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



◆ *ကျောဖုံးမှ*

ဗိုလ်လုပွဲရောက်ရှိခဲ့သည့် Rangers အသင်းနှင့် Rainbow အသင်းသည် လာမည့်ရာသီ MNL-2 ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ဒုတိယဆုရရှိသည့် Rainbow အသင်းကို ဆုကြေးငွေကျပ် သိန်း ၂၀၊ ပထမဆုရရှိသည့် Rangers အသင်းကို ဆုကြေးငွေ ကျပ်သိန်း ၄၀ နှင့် ချန်ပီယံဆုဖလားတို့ကို မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ အား/ကာမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

# ရွှေသွေးဂျာနယ်ထွက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀ -၁၂ - ၂၀၂၃ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၅၂) တွင် ကိုယ်တိုင်အပင်ပန်းခံပြီး တန်ဖိုးထားစိုက်ပျိုး၍ ရရှိလာသည့် အသီးအနှံများကို မခူးရက်ဘဲ နှမြောစိတ်ဝင်နေမိသော ပုပုတို့သူငယ်ချင်းတစ်စုအကြောင်း တင်ဆက်ထားသည့် "ပုပုပါဝင်သည့် ကိုယ်ချင်းစာစိတ်" မျက်နှာဖုံးကာတွန်း၊ ကျန်းမာသက်ရှည်စွာနေနိုင်ရန်အတွက် သတိပြုလိုက်နာ ဆောင်ရွက်အပ်သော ကျန်းမာရေးဗဟုသုတများကို တင်ဆက်ထားသည့် "အသက်ရှည်ကျန်းမာချင်ပါသလား" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို ဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ စစ်သားလေး၏ မိမိတိုင်းပြည်အပေါ်ထားရှိသည့် မျိုးချစ်စိတ်ဓာတ်ကြောင့် စစ်သူကြီးမှာ ပီတိဖြစ်ရပုံအကြောင်း ရေးဖွဲ့ထားသည့် "အမေပြောသော ပုံပြင်များ-မျိုးချစ်စစ်သည်လေး" နှစ်မျက်နှာကာတွန်း၊ လယ်သမားကြီး၏ အကူအညီဖြင့် အရုပ်ကမ္ဘာထဲတွင် သူ၏ ကြက်ပေါက်လေးများနှင့်အတူ ပျော်ရွှင်စွာ နေထိုင်ခွင့်ရခဲ့သော ကြက်လေးချန်ဂီအကြောင်း တင်ဆက်ထားသည့် "အလွန်သေးငယ်သော ကြက်လေးချန်ဂီ" ပုံပြင်ကဏ္ဍ၊ ပုချိုပြောသည့် ... ချမ်းသာခြင်း အစစ်အမှန်အကြောင်း ရေးဖွဲ့ထားသည့် "ချမ်းသာခြင်း" တစ်မျက်နှာကာတွန်း၊ မြန်မာတို့သည် နယ်ချဲ့တို့လက်မှ အရယူနိုင်ခဲ့သော နိုင်ငံတော်၏ လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ရန် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာတက္ကသိုလ်ဆန်းတင့်နိုင်၏ "လွတ်လပ်ရေးနေ့" ကဗျာကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မြို့နယ်သမဝါယမ အသင်းစုလီမိတက်၏ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၇ ရက်က မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမ အသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်တို့က အမှာစကားပြောကြားစဉ်။ (တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီမှ ဦးဆောင်၍ ဒါရိုက်တာအဖွဲ့ဝင် ကိုးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ပေးခဲ့ကြောင်း သိရသည်)

**အာကာလင်း**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော် ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ဘဝနတ်ထံပျံလွန်တော်မူ

မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဓမ္မမေဒနီစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဉာဏောသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) သက်တော် (၉၃)နှစ်၊ သိက္ခာ(၇၃)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် နတ်တော်လပြည့်ကျော် (၂၇-၁၂-၂၀၂၃)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၀၂:၄၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၃၈၅ ခုနှစ် နတ်တော်လကွယ် (၁၀-၁-၂၀၂၄) နေ့တွင် အန္တိမစျာပနအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၃၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ဒသမ ၁၂ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၃၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ဒသမ ၁၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ၅၄ လမ်း၊ ၁၂၄ x ၁၂၅ လမ်းကြားတွင် CALDINA မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်တွင် ဝင်းထက်ဦး(ခ)ပိုးချည်လုံးနှင့် လတောင်နော်ဘောက်တို့နှစ်ဦး သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂၅၃၀ တန်ဖိုးရှိ ဆပ်ပြာခွက် ၁၀၁၂ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၁၀ ဒသမ ၁၂ ကီလိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်



သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ရေနံစိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီခေတ်ဆီ 92 ဂါလန် ၁၉၂၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၅၆၇၇၇)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၇၅၆၇၇၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### သစ်တောဥပဒေနှင့်အညီ အရေးယူ

ထို့အတူ ဒီဇင်ဘာ ၂၇ ရက်တွင် ရောဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ





မန္တလေးတိုင်းဒေသကြီးမှ ဖမ်းဆီးရမိမှု။

မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၁၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၉၆၀၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### ဖမ်းဆီးရမိခဲ့

ထို့ပြင် ဒီဇင်ဘာ ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D အချိုရည်ပုလင်း ၁၀၀၀၀၊ ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ပုံး ၁၀၀၊ Wai Wai ကြာဆံထုပ် ၃၉၀၀၊ 108 Detergent ဆပ်ပြာမှုန့်ထုပ် ၃၂၀၊ ဘောင်းဘီရှည်အထည် ၂၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mit-subishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

ထို့အတူ ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၆)ရပ်ကွက်၌ တရားမဝင် စက်သုံးဆီခေတ်ဆီ ၁၀ ဂါလန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်း ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်ခရိုင် ရေနံချောင်းမြို့နယ်၌ တရားမဝင် ရေနံစိမ်း ၁၁ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀) ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေအရ လည်းကောင်း၊ မကွေးခရိုင် မကွေးမြို့နယ်၌ လိုင်စင်မဲ့ Honda CBR မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၅၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၇ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၈၅၄ တန်နှင့် အခြားသစ် ၁ ဒသမ ၇၂၄ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၅၃၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၅၂၁၇၂၁) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဓမ္မမေဒနီစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဉာဏောသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက်၊ ခမည်းတော် ဦးခွန်ဘိုးဘီ+ မယ်တော် ဒေါ်နန်းအေးချိုတို့မှ ၁၂၉၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက် ဓမ္မမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့ ဓမ္မမေဒနီကျောင်း ခဏ္ဍသိမ်၌ ဓမ္မမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယကို ဥပဇ္ဈာယ်ပြုလျက် ဦးဘထွန်း+ ဒေါ်ဖွားခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် သထုံမြို့ အောက်ကျင်းရပ်ကွက် ဓမ္မမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ၊ မန္တလေးမြို့ ချမ်းမြသာစည်ရပ်ကွက် ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသစသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၁၅ ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ၁၃၂၅ ခုနှစ်တွင် သထုံမြို့ ပိဋကတ္တယပါရဂူဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပထမငယ်တန်းသုံးဘာသာ ဆောင်ပုဒ်ကဗျာကျမ်း၊ ပါဠိဘာသာကို ခေတ်မီမြန်မာပြန်ဆိုနည်း၊ ဓမ္မပဒ ရှစ်လုံးဘွဲ့ ကဗျာကျမ်း၊ ပထမငယ်တန်းဇာတ်ဘာသာပြန်အဘိဓာန်စသော ကျမ်းများကို ရေးသားပြုစုခဲ့ပြီး ၁၃၅၇ ခုနှစ်မှ ၁၃၆၂ ခုနှစ်အထိ သထုံမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၃၆၃ ခုနှစ်မှ ၁၃၇၄ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၁၃၇၄ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၀ ပြည့်နှစ်တွင် **“အဂ္ဂမဟာပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကိုသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၅ ခုနှစ် နတ်တော်လပြည့် (၂၇-၁၂-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၀၂:၄၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၃၈၅ ခုနှစ် နတ်တော်လကွယ်၊ (၁၀-၁-၂၀၂၄)ရက်တွင် အန္တိမစျာပနအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## အနော်ရထာတံတား (ချောက်) ရေလမ်း ပြောင်းလဲမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အနော်ရထာတံတား( ချောက် ) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၅)နှင့် (၆) အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၄) နှင့် (၅) အကြားမှ လည်းကောင်း သတ်မှတ်ပေးထားပါသည်။ ယခုအခါ ရေကြောင်းရေလမ်း အခြေအနေအရ တံတား ရေလမ်းကြောင်းကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄) နှင့် (၅) အကြားမှ လည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃) နှင့် (၄) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ (၁၁၀) ရှိပြီး ကင်းလွတ် အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် (၁၇) မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်း ပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက် တစ်ချက်တွင် (၁၅) ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်း ရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲ ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်း မှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## သာပေါင်းမြို့နယ်၌ ပလတ်စတစ်အိတ် သုံးစွဲမှုမရှိစေရေး အသိပညာပေး

**သာပေါင်း ဒီဇင်ဘာ ၂၈**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပြည်သူများ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံး ပလတ်စတစ်အိတ်များ လျှော့နည်းသုံးစွဲစေရေးအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ် သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာ ဆောင်ရွက်မှုရှိစေရေး အသိပညာပေး ကြပ်မတ်စစ်ဆေးခြင်းတို့ကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေးအတွင်းတွင် ဆောင်ရွက်ကြသည်။ **(အပေါ်ယာပုံ)**

ထိုသို့ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များ မသုံးစွဲရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့် ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေးရှိ ဈေးရောင်းချသူများ အနေဖြင့် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူတို့ဖြင့် စသည့် သင့်တော်ရာအစားထိုး ထုပ်ပိုးသုံးစွဲစေရေးအတွက် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကိုင်စပီကာများဖြင့် ပြည်သူများ ပါဝင်ဆောင်ရွက်ပေးနိုင်ရေး အသိပညာပေးနှိုးဆော်ပြီး အသုံးပြုသူတွေ့ရှိပါက အရေးယူဆောင်ရွက်လျက်ရှိရာ ပြည်သူများက ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဇော်သိန်း (ပြန်/ဆက်)**



## လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရန် သာစည်မြို့နယ် ဟံဇာအထက၌ လူငယ်စကားဝိုင်းကျင်းပ

**သာစည် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ဟံဇာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးတေဇာမြင့်က အမှာစကားပြောကြားပြီး အဖွဲ့ဝင် (၂) ဦးစိုးဝင်းအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးမင်းသူက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်းက ဦးဆောင်၍ လူငယ်စကားဝိုင်းကိုစတင်ရာ Grade-10 နှင့် Grade-11 တို့မှ ကျောင်းသားကျောင်းသူငါးဦးတို့က လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်အချိန်၏ တန်ဖိုး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ပြန်လည်ဖြေကြားဆွေးနွေးသည်။

ထို့နောက် အသိပညာပေး ပြသထားသော ဓာတ်ပုံနှင့်နံရံကပ်စာစောင်များ၊ သုတရသစာအုပ်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၈၈ | ၇၇၄၄၀၀ |
| MTSH | ၂၈၀၀ | ၂၈၅၀ | ၁၆၆ | ၄၆၈၀၅၀ |
| MCB | ၇၉၀၀ | ၁၉၀၀ | ၃ | ၂၃၇၀၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၁၁၅၄ | ၁၈၄၆၄၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၀၀ | ၂၅၀၀၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၂၁၀ | ၄၂၀၀၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၃၇ | ၁၇၅၅၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၇၄၄ | ၁၂၇၄၅၀၀ |

ညီညီ - စုစည်းသည်



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MGZS EV နှင့်MG, MG4 (Mulan) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ သတင်းစဉ်

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၁၂ - ၂၀၂၃

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၁၀ ကျပ် | ၂၄၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၆၀ ကျပ် | ၂၆၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၆၀ ကျပ် | ၂၇၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





[illegible]

## ၂၈-၁၂-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နေရပ်/အမည် | အလှူငွေ (ကျပ်) | စဉ် | နေရပ်/အမည် | အလှူငွေ (ကျပ်) | စဉ် | နေရပ်/အမည် | အလှူငွေ (ကျပ်) |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

(က) [illegible] ဖုန်း-[illegible]

(ခ) [illegible] ဖုန်း-[illegible]


**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်**

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန




## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၁၀၊ ဦးပိုင်အမှတ် (၅၄-ခ)၊ ၆၃x၆၄လမ်း၊၁၁၅x၁၁၆ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်အောင်ခန့် ၅/ဝလန(နိုင်)၁၀၃၆၀၁က အမှုတွဲအမှတ် ၆၂၉၆/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရား ရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၁၀၊ ဦးပိုင်အမှတ် (၄၇-ခ)၊ ၆၃x၆၄လမ်း၊ ၁၁၅x၁၁၆ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်အောင်ခန့် ၅/ဝလန(နိုင်)၁၀၃၆၀၁က အမှုတွဲအမှတ် ၆၂၉၅/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရား ရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၉၁၊ ဦးပိုင်အမှတ် (၈-ခ+၉က)အတွင်းမှ မြောက်ဘက်ခြမ်းဦးပိုင် ၈၁ခဲစင်း)/၈၄ လမ်း၊ ၁၀၅ x ၁၀၆ လမ်းကြားရှိ ဦးကိုကိုလတ်၊ ဒေါ်ရီရီမြင့် အမည်ပေါက် ဂရန်မြေကွက်အား ဦးကိုကိုလတ်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၁၂၃/၂၀၀၉)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူများဖြစ်သော ဒေါ်ရီရီမြင့် ၉/မရတ(နိုင်)၀၄၇၀၅၅၊ ဒေါ်ထက်ထက်စိုး ၉/ခမစ(နိုင်)၀၄၂၄၅၄၊ ဒေါ်မေဇင်လတ် ၉/ခမစ(နိုင်)၀၄၂၄၅၃၊ ဒေါ်ဂျူးသက်ဟန် ၉/ခမစ(နိုင်)၁၀၁၄၀၃တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၂၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရဲနောင် ၉/ပသက(နိုင်)၀၇၇၈၆၂ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၈)၊ ဦးပိုင်အမှတ် (၆+၁၁)၊ လမ်း ၄၀၊ ၅၈ x ၅၉ လမ်းကြားရှိ ဂရန်မြေကွက်အ မည်ပေါက်သူ ဒေါ်ရှောင်ပီ၏ (S.P ရရှိသူ ဦးမင်းသူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၇၂၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်လင်း ၉/မကန(နိုင်)၁၂၆၆၅၇ က အမှုတွဲအမှတ် ၆၂၈၈/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၁၀၊ ဦးပိုင်အမှတ် (၅၄-က)၊ ၆၃ x ၆၄ လမ်း၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဝင်းအောင် ၉/မရတ(နိုင်)၁၁၂၁၄၁ က အမှုတွဲအမှတ် ၆၃၁၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရား ရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၁၀၊ ဦးပိုင်အမှတ် (၄၇-က)၊ ၆၃ x ၆၄လမ်း၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဝင်းအောင် ၉/မရတ(နိုင်)၁၁၂၁၄၁ က အမှုတွဲအမှတ် ၆၃၀၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရား ရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၄၈

| | | |
|---|---|---|
| ဦးတင်မောင်ထူး (၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဒေါ်မိုးမိုးကြည်) | နှင့် | ၁။ ဦးသန့်ဇင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်သိန်း) ၂။ ဒေါ်ရီရီဆန်း(ခ)ရီရီဝေ |
| တရားလို | | တရားပြိုင်များ |

အမှတ် (၃) ခြေလျင်တပ်ရင်း၊ ကလောမြို့နေ ဦးသန့်ဇင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်သိန်း)နှင့် ပုလဲလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဒေါ်ရီရီဆန်း(ခ)ရီရီဝေ (ယခုနေရပ်လိပ်စာမသိသူ) တို့အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်စာတမ်းချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ရက် (၁၃၈၅ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ အကွက်အမှတ် ၅၀၂-က၊ ဦးပိုင်အမှတ် (၂၈-ခ)/ ၈၄လမ်း၊ ၁၀၄x၁၀၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းဆင့် ၉/မရတ(နိုင်)၀၂၃၈၉၂ ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၅၊ ဦးပိုင်အမှတ် (၆၀) ခဲစင်းပြအရှေ့ဘက်ခြမ်း/ ၁၁၂.F လမ်း၊ ၄၇x၄၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မျိုးနွယ် ၉/စကတ(နိုင်)၀၆၃၇၀၂ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ် ဈ-၇၊ ဦးပိုင်အမှတ် (၉-က)/ ၆၈လမ်းနှင့် ၁၀၈လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဟန်ရုံးရင် ၁၃/မဆတ(နိုင်)၀၂၈၂၆၇၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၉၄၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဟန်ရီရွှန် ၁၃/မဆတ(နိုင်)၀၅၉၄၆၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ် ဇဇ-၃၂၊ ဦးပိုင်အမှတ် (၅၁)၊ ၁၀၉x၁၁၀ လမ်း၊ ၄၇x၄၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးငွေမြင့်ဦး၏ (S.P ရရှိသူ ဦးစိုးမိုးကျော်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၅၆၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ဒင်ဖိန်း ၁၃/တမည(နိုင်)၀၀၃၆၀၅က အမှုတွဲအမှတ် ၆၃၀၈/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သင်တန်းသားခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ကျောက်မဲ)တွင်၂၀၂၄ပညာသင်နှစ်အတွက်အောက်ဖော်ပြပါသင်တန်းများသို့ တက် ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| **သင်တန်းအမျိုးအစား** | - ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ (၁)နှစ် သင်တန်း |
| **သင်တန်းကာလ** | - ၁-၁-၂၀၂၄ ရက်မှ ၃၁-၁၂-၂၀၂၄ ရက်အထိ |
| **သင်တန်းသားဦးရေ** | - (၂၀)ဦး |
| **ပညာအရည်အချင်း** | - အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| **သင်တန်းအမျိုးအစား** | - လက်ရက်ကန်း(၆လ)(ပထမအကြိမ်)သင်တန်း |
| **သင်တန်းကာလ** | - ၁-၁-၂၀၂၄ ရက်မှ ၃၀-၆-၂၀၂၄ ရက်အထိ |
| **သင်တန်းသားဦးရေ** | - (၁၀) ဦး |
| **ပညာအရည်အချင်း** | - အခြေခံပညာမူလတန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| **အသက်** | - (၁၆)နှစ်မှ (၂၅)နှစ် အတွင်း အပျို/လူပျို ဖြစ်ရမည်။ |
| **သင်တန်းဝင်ခွင့်အတွက်** | - ပညာအရည်အချင်းထောက်ခံချက်၊ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။ |
| **သင်တန်းတည်နေရာ** | - အမှတ်(၈)ရပ်ကွက်၊ အင်ကြင်းတောင်လမ်း၊ ကျောက်မဲမြို့ |

**ဆက်သွယ်စုံစမ်းရန်ဖုန်း**-၀၈၂-၄၀၀၅၈၊ ၀၉-၄၃၁၈၀၆၁၅

၂။ သင်တန်းတက်ရောက်စဉ် ကျောင်းအဆောင်တွင် အခမဲ့နေထိုင်ခွင့်နှင့် သင်တန်းသား(၁)ဦးလျှင် ပညာသင်ထောက်ပံ့ကြေး တစ်လလျှင် (၃၀၀၀၀/-) ချီးမြှင့်မည်ဖြစ်ပါသည်။

**ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၊ ကျောက်မဲမြို့**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၅၃ နှင့်ဆက်သွယ်သည့် ၂၀၂၃ ခုနှစ်၊ တရာမဇာရီမှုအမှတ်-၇၄

| | | |
|---|---|---|
| ဒေါ်လင်းလင်း | နှင့် | ၁။ ဒေါ်နန်းစိန် ၂။ ဦးခွန်ထွန်းတင် ၃။ ဦးမောင်မောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

အမှတ်(၈၁)၊ ရေထွက်ဦးလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးမောင်မောင်(ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိ လျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ် စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် အမှတ် လလ-၁၊ ဦးပိုင်အမှတ် (၈)၊ ၆၇ x ၆၈ လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် မက္ခရာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းနိုင် ၁၄/ပသန(နိုင်)၀၂၉၀၅၅ က အမှုတွဲအမှတ် ၆၂၉၁/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၂၊ ဦးပိုင်အမှတ် (၄၂)၊ ၆၂ x ၆၃ လမ်း၊ ၁၂၉ x ၁၃၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းအေးအေးလှိုင် ၁၃/ကမန(နိုင်)၀၁၁၈၁၅ က အမှုတွဲအမှတ် ၆၃၀၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၅၊ ဦးပိုင်အမှတ် (၄၃+၄၄)အတွင်းမှ ခဲစင်းပြ (၄၃-ခဲစင်း)၊ ၄၉ x ၅၀ လမ်းကြားနှင့် နှင်းဆီနှင့် မြတ်လေးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပီတင်မြင့်၏ (S.P ရရှိသူ ဒေါ်ကြူကြူခိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၂၆၁/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲထက်ဦး ၁၃/ကလတ(နိုင်)၀၃၈၁၇၀ က အမှုတွဲအမှတ် ၆၃၀၅/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပင်လောင်းမြို့ အထက(ခွဲ) ဝါးလီးမှ ခွန်ချစ်နိုင်ဦး (Grade-6)၏ ဖခင်အမည်မှန်မှာ ဦးဖေစိုး ၁၃/ပလန(နိုင်)၀၉၃၃၁၉ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၅၊ ဦးပိုင်အမှတ် (၄၃+၄၄ အတွင်းမှ ခဲစင်းပြ) (၄၄ခဲစင်း)၊ ၄၉x၅၀လမ်းကြား၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးပီတင်မြင့်၏ (SPရရှိသူ ဒေါ်ကြူကြူခိုင်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၇၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲထက်ဦး ၁၃/ကလတ(နိုင်)၀၃၈၁၇၀က အမှုတွဲအမှတ် ၆၃၀၄/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၂၊ ဦးပိုင်အမှတ်(၃၆)၊ ၄၈x၄၉လမ်း၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထန်ကျိန်ကျင်း (ခ) ချမ်းဇော်ဟန်၏ (SPရရှိသူ ဦးလီချိန်မြင့်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၁၆၄/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးလီကျိကွမ်း ၁၃/လရန(နိုင်) ၁၈၃၉၆၄၏ (GP ရရှိသူ ဦးထွန်းအောင်(ခ) နေမင်းထွန်း)က အမှုတွဲအမှတ် ၆၃၀၆/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၂၊ ဦးပိုင်အမှတ်(၃၇)၊ ၄၈x၄၉လမ်း၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထန်ကျိန်ကျင်း (ခ) ချမ်းဇော်ဟန်၏ (SPရရှိသူ ဦးလီချိန်မြင့်)ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၁၁၆၅/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးလီကျိကွမ်း ၁၃/လရန(နိုင်)၁၈၃၉၆၄၏ (GPရရှိသူ ဦးထွန်းအောင်(ခ) နေမင်းထွန်း)က အမှုတွဲအမှတ် ၆၃၀၇/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဗ-၃၊ ဦးပိုင်အမှတ် (၅)၊ ၁၁၃ လမ်း၊ ၅၇ x ၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်မြင့်၏ (GP ရရှိသူ ဒေါ်ချောက်ရှမ်း (ခ)သန်းသန်းငွေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၀၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်ကျမ်း ၁၃/ကမန(နိုင်)၀၆၃၅၀၂ က အမှုတွဲအမှတ် ၆၃၀၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၆၁၊ ဦးပိုင်အမှတ် (၅၁-က)/၃၃ x ၃၄ ကြား၊ ၈၅ x ၈၆ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးညီခင် ၉/မကန(နိုင်)၀၁၈၂၀၅၊ ဒေါ်အေးအေးခိုင် ၉/မကန(နိုင်)၀၄၇၀၄၅ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၃၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟန်ထွန်းသိန်း(ခ)ဦးဟန်ထွန်း ၉/မရမ (နိုင်)၀၉၂၂၇၈၈ ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃-က၊ အပိုင်း-၅၊ ဦးပိုင်အမှတ် ၁၉-က(ခဲစင်းအရှေ့ခြမ်း)/ ၃၆A လမ်း၊ ၇၀ x ၇၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်အောင် ၉/မရတ(နိုင်)၀၀၉၂၈၀ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

